၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.825, July 31, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## ဩဂုတ်လဆန်းမှာ ဒေါ်အောင်ဆန်းစုကြည် ပဲခူးမြို့ကို နေ့ချင်းပြန်ခရီး ထွက်မည်

**VOA ၊ ဇူလိုင် ၂၇ ။ ။** မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ ဇူလိုင်လ ပထမပတ်တုန်းက ပုဂံကို ဘုရားဖူးခရီးသွားပြီးတဲ့နောက် ဩဂုတ်လဆန်းမှာ နယ်စည်းရုံးရေးခရီးစဉ်အဖြစ်နဲ့ ပဲခူးဘက်ကိုသွားဖို့ စီစဉ်နေတယ်လို့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ဒီကနေ့ ပြောဆိုပါတယ်။ ၂၀၀၃ ခုနှစ် မေလထဲမှာ ဒေါ်အောင်ဆန်းစုကြည် နောက်ဆုံးထွက်ခဲ့တဲ့ နယ်စည်းရုံးရေး ခရီးစဉ်အတွင်းဒီပဲယင်းမှာ စစ်အစိုးရ ကျောထောက်နောက်ခံပေးထားတဲ့ သူတွေရဲ့ အတိုက်အခိုက်ခံခဲ့ရပြီး အသက်ဘေးက သီသီလေးလွတ်မြောက်ခဲ့ရတာမို့ အခုပထမဆုံး သွားမယ့် ခရီးစဉ်အတွက် ပြည်သူအများက စိတ်ပူနေကြပါတယ်။ အပြည့်အစုံကို ဒေါ်ခင်မျိုးသက်က တင်ပြပေးထားပါတယ်။

၂၀၀၃ ခုနှစ် ဒီပဲယင်းအရေးအခင်းအပြီး ၇ နှစ်တိုင်တိုင် နေအိမ်အကျယ်ချုပ်ကျခံနေရာက လွတ်မြောက်လာခဲ့ပြီးနောက် အခု ၈ လကျော်အကြာမှာပထမဆုံးအဖြစ်နယ်စည်းရုံးရေးခရီးကိုထွက်ဖို့အတွက် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က စီစဉ်နေပြီလို့ အဖွဲ့ချုပ်ပြောခွင့်ရ ဦးအုန်းကြိုင်ကပြောပါတယ်။

"အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က ပဲခူးမြို့ဘက်ကို၊ ဘယ်နေရာလို့ တိတိကျကျမပြောနိုင်သေးပါဘူး၊ ပဲခူးမြို့အနီးနားတဝိုက်ကို ခရီးထွက်ဖို့အတွက် ကြိုတင်ညှိနှိုင်းပြင်ဆင်မှုတွေ လုပ်နေတယ်၊ အဲဒါ ဩဂုတ်လဆန်းထဲမှာ ဖြစ်မှာပါ။ ခရီးစဉ်ကနေ့ချင်းပြန်ခရီးတိုပဲ ဖြစ်မယ်လို့ပြောပါတယ်။ မသွားခင် သတင်းထောက်တွေကို ကြိုပြီး အသိပေးမှာပါလို့ ပြောပါတယ်။"

ဩဂုတ်လဆန်းမှာ သွားရောက်မယ့် နေ့ချင်းပြန် ခရီးစဉ်အတွက် အာဏာပိုင်တွေနဲ့ညှိနှိုင်းမှုရှိမရှိ မပြောနိုင်သေးပေမဲ့ ဒီခရီးစဉ်နဲ့ပတ်သက်ပြီး အများသိအောင် ကြိုတင်ကြေညာ အသိပေးဖို့ရှိတယ်လို့ဆိုပါတယ်၂၀၀၃ ခုနှစ်မေလထဲမှာ စည်းရုံးရေးခရီးစဉ်အတွင်းဒီပဲယင်း မှာရန်ရှာတိုက်ခိုက်မှုခံခဲ့ရတာမို့ဒေါ်အောင်ဆန်းစုကြည်ရဲ့နယ်ခရီးစဉ်တွေနဲ့ပတ်သက်ပြီး စိုးရိမ်ကြောင်း ပြည်တွင်း ပြည်ပသတိပေးမှုတွေရှိနေပါတယ်။

ပြီးခဲ့တဲ့လထဲ အမေရိကန် အထက်လွှတ်တော်အမတ် John McCain မြန်မာနိုင်ငံကို လာရောက်ခဲ့စဉ်က ဒေါ်အောင်ဆန်းစုကြည်ရဲ့ နယ်စည်းရုံးရေးခရီးစဉ်တွေအတွင်း အန္တရာယ်မရှိစေဖို့ အစိုးရအာဏာပိုင်တွေမှာ တာဝန်လုံးဝရှိတယ်လို့ ပြောဆိုခဲ့ပါတယ်။ ဒီလို ပြောဆိုခဲ့တဲ့နောက် ပြည်ထဲရေးဝန်ကြီးက ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေအတွက် သတိပေးခဲ့သလို အစိုးရအာဘော် သတင်းစာတွေထဲမှာလည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ နယ်ခရီးစဉ်တွေကနေငြိမ်းချမ်းရေးကို ထိခိုက်စေနိုင်ကြောင်း ဝေဖန်စာတွေရေးခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဘက်ကလည်း ဇူလိုင်လဆန်းမှာပဲ ပုဂံဘုရားဖူးခရီးထွက်ပြီး သူ့ရဲ့လွတ်လပ်ခွင့် ဘောင်အတိုင်းအတာကို စမ်းသပ်ခဲ့တာ တွေ့ရပါတယ်။ နယ်ခရီးထွက်ဖို့အတွက် စီစဉ်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်အတွက် အာဏာပိုင်တွေဘက်က လုံခြုံရေးကို အထူးဂရုစိုက်ပေးဖို့ တနင်္လာနေ့ကပဲ အမေရိကန်နိုင်ငံခြားရေးဝန် ကြီးဌာနက ပြောကြားခဲ့သလို ဒေါ်အောင်ဆန်းစုကြည်ကလည်း ပုဂံ ဘုရားဖူးကအပြန် သတင်းထောက်တွေနဲ့ တွေ့ဆုံတဲ့အခါပုဂံခရီးစဉ်လုံခြုံမှုရှိနေတာဟာ သတင်းထောက်တွေရဲ့ မျက်စိအောက်မှာရှိနေတာကြောင့်လို့ ပြောဆိုခဲ့ပြီး နောင်သွားမယ့် သူ့ရဲ့ ခရီးစဉ်တွေအတွက် သတင်းထောက်တွေကို ဖိတ်ခေါ်ခဲ့တာတွေ့ရပါတယ်။


| | | | | | |
|---|---|---|---|---|---|
| **ဒေါ်အောင်ဆန်းစုကြည် နှင့်ဝန်ကြီး ဦးအောင်ကြည် တို့ တွေ့ ဆုံဆွေးနွေး** | **အစိုးရသစ်နဲ့တိုင်းရင်းသား ကြား ပဋိပက္ခဖြေရှင်းရေး ဒေါ်စု ကူညီရန်အသင့်ရှိ** | **သမတဦးသိန်းစိန်အစိုးရ လက်ထက် ပတ်ဝန်းကျင် ထိန်းသိမ်းရေး အားနည်း** | **လွှတ်တော်အတွင်း အ တိုက်အခံကို အားဖြည့်ဖို့ NDFဝင်ပြိုင်ဟုဆို** | **စစ်ဆင်ရေးအထူးအဖွဲ့ မှူး ဖြစ်တဲ့ ဗိုလ်ချုပ် ၂ ဦး ရာထူးမှအနားပေး** | **အမျိုးသားဒီမိုကရေစီ အဖွဲ့ ချုပ် နိုင်ငံရေး သိပ္ပံသင်တန်း အောင် မြင်စွာပြီးဆုံး** |
| **စာမျက်နှာ ၃** | **စာမျက်နှာ ၅** | **စာမျက်နှာ ၁၀** | **စာမျက်နှာ ၁၂** | **စာမျက်နှာ ၁၆** | **စာမျက်နှာ ၁၉** |

VOB အာဘော်

# ငြိမ်းချမ်းရေး မျှော်လင့်ချက်ရောင်ခြည်

ဗဟိုအစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်တွေအကြား ရာစုနှစ်များစွာဖြစ်ပွားနေသည့် ပြည်တွင်းပဋိပက္ခတွေကို နိုင်ငံရေးနည်းလမ်းနှင့် ငြိမ်းချမ်းစွာဖြေရှင်းရေးအတွက် ငြိမ်းချမ်းရေးနိဘဲလ်ဆုရှင် လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်မှ ကမ်းလှမ်းလိုက်သည်။

လတ်တလောဖြစ်ပွားနေသည့် တိုင်းရင်းသားဒေသတွေအတွင်း အစိုးရတပ်တွေနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအကြား တိုက်ပွဲတွေအပြင်းအထန်ဖြစ်ပွားနေသည်ကိုရပ်ဆိုင်းပေးရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပံ့ပိုးကူညီပေးလိုကြောင်း၊ ပါဝင်ကြိုးပမ်းပေးဖို့ အဆင်သင့်ရှိတဲ့အကြောင်း အိတ်ဖွင့်ပေးစာတစောင်ကို သမတဦးသိန်းစိန်ထံသို့ပေးပို့လိုက်သည်။ အမြော်အမြင်ကြီးမားသော အမျိုးသားခေါင်းဆောင်ကြီးဒေါ်အောင်ဆန်းစုကြည်၏ တိုင်းပြည်အပေါ်ထားရှိသော နက်ရှိုင်းရိုးသားသည့်စေတနာ မေတ္တာဖြစ်ပါသည်။ ယင်းပေးစာတွင် ပဋိပက္ခများကြောင့် သေကြေပျက်စီးမှုများ ဝမ်းနည်းဖွယ်ရာ ဖြစ်ပွားလျက်ရှိသည့်အပြင် တန်ဖိုးကြီးသည့်နိုင်ငံပိုင်အဆောက်အဦးများ စီမံကိန်းလုပ်ငန်းများ ယိုယွင်းပျက်စီးမှုများကြုံတွေ့နေရသည်၊ ဒေသခံတိုင်းရင်းသားပြည်သူများလည်း အတိဒုက္ခများစွာ ရောက်နေကြသည့်အပြင် အိမ်နီးချင်းနိုင်ငံများကိုပါ ကူးစက်ပျံ့နှံ့မည့် အန္တရာယ်ရှိနေပါသည်ဟုပါရှိပါသည်။

" မိမိတို့အစိုးရဟာ အုပ်ချုပ်မှုစနစ်ကောင်းမွန်တဲ့ အစိုးရကောင်းတရပ်ဖြစ်ရပါမယ်၊ သန့်ရှင်းတဲ့အစိုးရဖြစ်ဖို့လိုပါတယ်။ ပြည်သူတွေအပေါ်စေတနာပေးထားရပါမယ်၊ ပြည်သူရဲ့အကျိုးစီးပွားကို အကာအကွယ်ပေးရပါမယ်၊ ပြည်သူကို အလုပ်အကျွေးပြုကြရမှာဖြစ်ပါတယ်"စသည်ဖြင့် နန်းတက်မိန့်ခွန်းတွင် ဤကဲ့သို့ ပြောဆိုခဲ့သော သမတဦးသိန်းစိန်အနေဖြင့် ယခုကဲ့သို့ဒေါ်အောင်ဆန်းစုကြည်၏ အိတ်ဖွင့်ပေး စာအပေါ်မည်ကဲ့သို့တုန့်ပြန်မည်ကို အကောင်းမျှော်စိတ်ဖြင့် သိလိုပါသည်။

ပြည်တွင်းစစ်မီးငြိမ်းအေးစေရေး ကြိုးပမ်းသည့်အနေဖြင့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် မှ သမတဦးသိန်းစိန်နှင့်တကွ ကချင်လွတ်မြောက်ရေးတပ်ဖွဲ့၊ ကရင်အမျိုးသားအစည်းအရုံး၊ မွန်ပြည်သစ်ပါတီနှင့် ရှမ်းပြည်တပ်မတော်တွေဆီကိုလည်း ဤအိတ်ဖွင့် ပေးစာကို ပေးပို့ခဲ့သည်ဟု သိရသည်။

ပဋိပက္ခတွေကို လက်နက်ဖြင့် အနိုင်ကျင့်ဖြေရှင်းခဲ့၍ မပြေလည်ဘဲ မလိုလားအပ်သော ပြဿနာများဖြစ်ပွားခဲ့ရာက တိုင်းပြည်ဆင်းရဲတွင်းနက်ခဲ့ရသည့်အခြေဆိုက်ခဲ့ရသည်၊ အာဏာရှင်စနစ်သည် ပြည်သူလူထုအကျိုးစီးပွားကိုမဆောင်ကျဉ်းနိုင်ပါ။ ဒီမိုကရေစီစနစ်သာလျှင် ပြည်သူလူထုအကျိုးစီးပွားဖြစ်ထွန်းဖို့အတွက် အကောင်းဆုံးစနစ်ဟု ယုံကြည်သည်။ ပြည်တွင်းငြိမ်းချမ်းရေးရှိမှသာ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ဖြစ်သည်၊ ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေးသည်မရှိမဖြစ်လိုအပ်သည်။

ရာစုနှစ်ပေါင်းများစွာဖြစ်ပွားနေသည့်ပြည်တွင်းပဋိပက္ခများကြောင့်ဒုက္ခမျိုးစုံခံစားနေကြရသည့်တိုင်းရင်းသားလူမျိုးစုတွေအပေါ်စာနာထောက်ထားစိတ်ဖြင့် ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးကြရန်အထူးလိုအပ်ပါသည်။ ပြည်သူလူထုအပေါ်စေတနာပေးထားပါသည်ဟုဆိုသော သမတဦးသိန်းစိန်အနေဖြင့် ဤငြိမ်းရေးစားပွဲဆီသို့ ဒီမိုကရေစီစိတ်ဓာတ်ဖြင့် လိုလိုလားလားတက်ရောက်လိမ့်မည်ဟု မျှော်လင့်ပါသည်။

သမတဦးသိန်းစိန်အနေဖြင့် မိမိသမိုင်းစာမျက်နှာကို မိမိကိုယ်တိုင်ရေးသားခွင့်ရှိချိန်တွင် တိုင်းပြည်အကျိုးအတွက် ပြည်သူလူထုအကျိုးအတွက် စေတနာမှန်စွာဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ပေးနိုင်ပါစေဟု အလေးအနက်တိုက်တွန်းလိုသည်။

---

# ကေအင်ယူ ခေါင်းဆောင်တွေ ဖယ်ဖို့ ထိုင်းပြောဆို

**BBC ၊ ဂျူလိုင် ၂၅ ။ ။** ထိုင်း-မြန်မာနယ်စပ်က ဒုက္ခသည်စခန်းတွေ၊ မဲဆောက်မှာလာခိုအောင်းနေတဲ့ မြန်မာနိုင်ငံမှာ ပုံးဖောက်ခွဲတဲ့ တရားခံတွေနဲ့၊ မဲဆောက်မှာနေထိုင်တဲ့ ကေအင်ယူခေါင်းဆောင်တွေကို ဖယ်ရှား ရေးဆောင်ရွက်သွားမယ်လို့ တာ့ခ်ခရိုင် အုပ်ချုပ်ရေးမှူးက ဒီနေ့ မဲဆောက်မှာ သတင်းထောက်တွေကို ပြောခဲ့ပါတယ်။

မြန်မာအစိုးရက ဒုက္ခသည်စခန်းတွေကို လူမျိုးစုလက်နက်ကိုင်တွေရဲ့ ခိုနားရာစခန်းလို့မြင်ပြီး ဖယ်ရှားပေးဖို့ ထိုင်းအစိုးရကိုပြောခဲ့သလို မဲဆောက်မှာနေထိုင်တဲ့ ကေအင်ယူလူကြီးတွေရဲ့ နာမည်နဲ့လိပ်စာတွေကို မြန်မာဘက်ကပေးပြီး ဖယ်ရှားပေးဖို့တောင်းဆိုလာတဲ့အတွက် နှစ်နိုင်ငံချစ်ကြည်ရေးပိုကောင်းအောင်နဲ့ မြန်မာဘက်ပိတ်ထားတဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကို ပြန်ဖွင့်ပေးနိုင်ရေးအတွက် ဒီလိုဖယ်ရှားဖို့ဆောင်ရွက်တာလို့ ပြောပါတယ်။

မြန်မာဘက်က ဒီလိုတောင်းဆိုမှုတွေကို အရင် ထိုင်းအစိုးရအဆက်ဆက်မှာလည်း တောင်းဆိုခဲ့ဘူးပါတယ်။ ဒါပေမယ့် အဲဒီတုန်းက အနောက်နိုင်ငံတွေက ထိုင်းနယ်စပ်ဒုက္ခသည်စခန်းတွေနဲ့ မြန်မာအတိုက်အခံတွေအပေါ် ထားတဲ့မူဝါဒတွေကြောင့် ထိုင်းအစိုးရအဆက်ဆက်က အနောက်နိုင်ငံတွေကို မလွန်ဆန်နိုင်တဲ့အတွက် ပြတ်ပြတ်သားသား ကိုင်တွယ်နိုင်ခဲ့ခြင်းမရှိပါဘူး။

အခုတကြိမ် မြန်မာဘက်ကတောင်းဆိုတဲ့အချိန်မှာတော့ အနောက်နိုင်ငံတွေကလည်း ဒုက္ခသည်စခန်းတွေနဲ့ မြန်မာအတိုက်အခံတွေအပေါ် အထောက်အပံ့တွေလျော့လာတာနဲ့ထိုင်းနိုင်ငံမှာစီးပွားရေးအကျပ်အတည်းပေါ်အခြေခံပြီးဖြစ်တဲ့ ရာဇဝတ်မှုလူမှုရေးပြဿနာစတာတွေ ပိုဖြစ်လာနေတဲ့အချိန် ဖြစ်နေပါတယ်။

ဒါကြောင့် ထိုင်းအာဏာပိုင်တွေဟာ မြန်မာအစိုးရနဲ့ပိုမိုရင်းနှီးမှုရအောင် မြန်မာအစိုးရတောင်းဆိုတာတွေကို ဆောင်ရွက်ပေးသွားနိုင်တယ်လို့ နယ်စပ်က အကဲခတ်တွေကပြောပါတယ်။

ကေအင်ယူဒုဥက္ကဋ္ဌ ဗဒိုဒေးဗစ်တာကပေါ ကတော့ မဲဆောက်မှာ ကေအင်ယူခေါင်းဆောင်တွေ နေထိုင်ခြင်းမရှိဘဲ ကိုယ့်နယ်မြေမှာကိုယ်နေထိုင်ကြပြီး မဲဆောက်မှာ စစ်ရေး နိုင်ငံရေး လှုပ်ရှားမှုတွေမလုပ်ဘူးလို့ ဘီဘီစီကို ပြောပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်နှင့် ဝန်ကြီး ဦးအောင်ကြည်တို့ တွေ့ဆုံဆွေးနွေး

**VOA | ဇူလိုင် ၂၅ ။ ။** မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာအစိုးရသစ်ရဲ့ အလုပ်သမားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်တို့ ဒီနေ့ တနင်္လာနေ့ နေ့လယ်က ရန်ကုန်စိမ်းလဲ့ကန်သာဧည့်ရိပ်သာမှာ မိနစ် ၇၀ ကြာတွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒီတွေ့ဆုံမှုဟာ အပြုသဘောဆောင်ပြီးနှစ်ဘက် ကျေနပ်ဝမ်းမြောက်ကြောင်းဆွေးနွေးပွဲအပြီးမှာ သတင်းထောက်တွေကိုဦးအောင်ကြည်က ပြောကြားခဲ့ပါတယ်။ ဒ့ါအပြင် ပြည်သူလူထုစိတ်ချမ်း သာရေးအတွက် ပူးပေါင်းဆောင်ရွက်ဖို့အခွင့်လမ်းတွေကို ဆွေးနွေးခဲ့ကြသလို နောက်ထပ်တွေ့ဆုံဖို့ရှိကြောင်းလည်း ပြောပါတယ်။ အပြည့်အစုံကို ဒေါ်ခင်မျိုးသက်က တင်ပြပေးထားပါတယ်။

မြန်မာနိုင်ငံမှာ စစ်အစိုးရအုပ်ချုပ်မှုကနေ အရပ်သားအစိုးရအဖြစ်ပြောင်းလဲ အုပ်ချုပ်လာခဲ့ပြီးနောက် ၄ လနီးပါး အကြာမှာအစိုးရသစ် အဖွဲ့ရဲ့ အလုပ်သမားဝန်ကြီး ဦးအောင်ကြည်ဟာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံခဲ့တာပါ။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ပြောခွင့်ရ ဦးအုန်းကြိုင်က ဒီတွေ့ဆုံမှုနဲ့ပတ်သက်ပြီး အခုလို ပြောပါတယ်။

"အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်က အစိုးရအဖွဲ့ဝင် အလုပ်သမားနဲ့ လူမှုဝန်ထမ်းဝန်ကြီးဦးအောင်ကြည်နဲ့ ဒီနေ့ နေ့လယ် ၁ နာရီက ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိစိမ်းလဲ့ကန်သာ အစိုးရဧည့်ဂေဟာမှာ တွေ့ဆုံဆွေးနွေးပါတယ်။ ဆွေးနွေးချက်အသေးစိတ်ကိုတော့ နှစ်ဘက်စလုံးက ထုတ်ပြန်ကြေညာခြင်းမရှိပါဘူး။"

ဆွေးနွေးပွဲအပြီးမှာ ဝန်ကြီးဦးအောင်ကြည်က သတင်းမီဒီယာတွေကို သတင်းထုတ်ပြန်ချက် ဖတ်ပြခဲ့ပါတယ်။

"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ဖိတ်ကြားချက်အရ ဒေါ်အောင်ဆန်းစုကြည်သည် စိမ်းလဲ့ကန်သာ အစိုးရဧည့်ဂေဟာတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် မွန်းလွဲ ၁ နာရီမှ ၂ နာရီ ၁၀ မိနစ်အထိ လာရောက်တွေ့ဆုံခဲ့ပါသည်။ ဤသို့ တွေ့ဆုံမှုအတွက် နှစ်ဘက်စလုံးက အပြုသဘော ရှုမြင်ကြပြီး ကျေနပ်အားရမှု ရှိကြပါသည်။ ပြည်သူလူထုကိုယ်စိတ်နှစ်ပါးချမ်းသာစေရေးအတွက် နှစ်ဘက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြပါသည်။

"ထိုသို့ ဆွေးနွေးရာတွင် တရားဥပဒေ စိုးမိုးရေးကိစ္စ၊ စိတ်ဝမ်းကွဲပြားမှုပပျောက်ရေးကိစ္စနှင့် အများပြည်သူ အကျိုးဖြစ်ထွန်းစေမည့်ကိစ္စတို့လည်း အပါအဝင်ဖြစ်ပါသည်။ သင့်လျော်သောရက်တွင်ထပ်မံတွေ့ဆုံဆွေးနွေးရန်ကိုလည်း သဘောတူကြပါသည်။"

အရပ်သားအစိုးရသစ်အဖွဲ့ရဲ့ထိပ်ပိုင်းခေါင်းဆောင်တဦးဖြစ်တဲ့ ဝန်ကြီးဦးအောင်ကြည်ဟာ အရင် စစ်အစိုးရလက်ထက် ၂၀၀၇ခုနှစ်ကစပြီး ဆက်ဆံရေးဝန်ကြီးအဖြစ် ဒေါ်အောင်ဆန်းစုကြည်နဲ့ ၉ ကြိမ် တိုင်တိုင်တွေ့ဆုံခဲ့ပါတယ်။ ဒါပေမဲ့ သိသာထင်ရှားတဲ့ရလဒ် တခုမှထွက်ပေါ်လာတာမျိုးမရှိတဲ့အတွက် ပြည်တွင်း ပြည်ပ ဝေဖန်မှုတွေရှိခဲ့ပါတယ်။

အခု စစ်အစိုးရအုပ်ချုပ်မှုကနေ အရပ်သားအစိုးရအဖြစ်ပြောင်းလဲအုပ်ချုပ်ခဲ့တဲ့နောက် ပြုလုပ်တဲ့ ဒီတွေ့ဆုံပွဲအတွက် အပြောင်းအလဲနဲ့ ပတ်သက်ပြီး ရိုက်တာသတင်းဌာနရဲ့ မေးမြန်းချက်ကိုတော့ အရင်တွေ့ဆုံမှုတွေထက်ပိုပြီးကောင်းတဲ့ရလဒ်ဖြစ်မယ်လို့ မျှော်လင့်ထားကြောင်း ဝန်ကြီးဦးအောင်ကြည်က ဖြေကြားခဲ့တယ်လို့ ရိုက်တာသတင်းဌာနက ဦးအောင်လှထွန်းက ပြောပါတယ်။

"သူဖြေတာကတော့ အရင် ၉ ကြိမ် တွေ့တာမှာ လုံးဝ Tangible Result မဖြစ်ဘူးလို့ ပြောလို့မရပါဘူးတဲ့။ အထိုက်အလျောက် အကျိုးကျေးဇူးရှိပါတယ်တဲ့။ အခုဒီတခါတွေ့ဆုံမှုမှာတော့ အရင်ရလဒ်ထက် ပိုမိုကောင်းမွန်တဲ့ရလဒ်ဖြစ်လာလိမ့်မယ်လို့ ကျနော်မျှော်လင့်ပါတယ်။"

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ လက်ရှိအစိုးရသစ်အဖွဲ့က ဝန်ကြီးဦးအောင်ကြည်တို့ရဲ့ အခုတွေ့ဆုံချိန်ဟာလည်း ထူးခြားမှုရှိနေတယ်လို့ အများက သတ်မှတ်ကြပါတယ်။

ဒေါ်အောင်ဆန်းစုကြည် နယ်စည်းရုံးရေး ခရီးစဉ်အတွက်အစိုးရမှာ တာဝန်ရှိတယ်လို့ ဇွန်လထဲမှာ အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်း (John McCain) က မြန်မာနိုင်ငံကို လာရောက်ရင်း ပြောဆိုခဲ့တဲ့နောက်ပိုင်းဒေါ်အောင်ဆန်းစုကြည်နဲ့NLDပါတီရဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေနဲ့ ပတ်သက်ပြီး အစိုးရသစ်အဖွဲ့ရဲ့ ပြည်ထဲရေးဝန်ကြီးက သတိပေးခဲ့တာတွေ့ရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကလည်းကိုယ်ရေးကိုယ်တာ ဘုရားဖူးခရီးစဉ်အဖြစ် ပုဂံကို သွားရောက်ခဲ့ပြီးသူ့ရဲ့ လွတ်လပ်ခွင့်ရမှု ဘောင်အတိုင်းအတာကို စမ်းသပ်ခဲ့ပါတယ်။

စနေနေ့ကမှ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာ အာဆီယံနဲ့ဒေသတွင်း လုံခြုံရေးအစည်းအဝေးကနေ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Hillary Clinton ကလည်း မြန်မာအစိုးရသစ်ကို တွေ့ဆုံ ဆွေးနွေးရေးတွေလုပ်ပြီး ထင်ရှားတဲ့ တိုးတက်မှုတွေပြဖို့အတွက် တောင်းဆိုခဲ့ပါတယ်။

တဆက်တည်းမှာပဲ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကလည်း ဒီကနေ့ သူ ဦးအောင်ကြည်နဲ့ တွေ့ဆုံခဲ့မှုနဲ့ ပတ်သက်ပြီး အခုလို ပြောဆိုခဲ့ပါသေးတယ်။

"ကျမတို့ကလည်း တိုင်းပြည်အတွက် အကျိုးဖြစ်စေမယ့် ရလဒ်ကိုပဲ မျှော်လင့်ပါတယ်။ ဘာပဲလုပ်လုပ်၊ ဘာစကားပဲပြောပြော၊ ဘယ်သူနဲ့ပဲတွေ့တွေ့ ကျမတို့ရဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံနဲ့ပြည်သူပြည်သားများကိုအကျိုးပြုဖို့ပါပဲ။ အဲဒါကိုလည်း ကျမတို့မျှော်လင့်ပါတယ်။"

မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဒီနေ့ ဦးအောင်ကြည်နဲ့ တွေ့ဆုံပြီးနောက် ပြောဆိုခဲ့တာ ဖြစ်ပါတယ်။

---

**အချုပ်အချာ အာဏာကို ပြည်သူသာ ပိုင်ရမည်**

# ဦးအောင်ကြည်နဲ့ တွေ့ဆုံမှု၊ အဖွဲ့ချုပ် စီအီးစီကို ဒေါ်အောင်ဆန်းစုကြည် ရှင်းပြ

**VOA၊ ဂျူလိုင် ၂၆။** မြန်မာအစိုးရရဲ့ အလုပ်သမား၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနဲ့ နေရာချထားရေးဝန်ကြီး ဦးအောင်ကြည်နဲ့ မနေ့တုန်းက ရန်ကုန်မြို့ စိမ်းလဲ့ကန်သာညှော့ဂေဟာမှာ ဆွေးနွေးခဲ့တာတွေကို ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ဒီနေ့မှာ ပြန်ပြီးတင်ပြခဲ့ပါတယ်။ အဖွဲ့ချုပ်ကလည်း မနေ့တုန်းကပူးတွဲထုတ်ပြန်တဲ့ကြေညာချက်ကိုကျေနပ်အားရကြောင်း ပြောကြားခဲ့သလို ဝါရင့် နိုင်ငံရေးသမားကြီးတွေကလည်း ဒီတွေ့ဆုံမှုနဲ့ပတ်သက်ပြီးတော့ တိုးတက်တဲ့ ခြေလှမ်းတရပ်အဖြစ် လက်ခံခဲ့ကြပါတယ်။ အပြည့်အစုံကို ဒေါ်ခင်မျိုးသက်က တင်ပြပေးထားပါတယ်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နဲ့ အစိုးရသစ် အဖွဲ့ဝင် ဝန်ကြီးဦးအောင်ကြည်တို့ မနေ့က တွေ့ဆုံဆွေးနွေးခဲ့တာတွေကို ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ဒီကနေ့ ပြန်လည်ရှင်းပြခဲ့တယ်လို့ အဖွဲ့ချုပ် ပြောခွင့်ရ ဦးအုန်းကြိုင်က ပြောပါတယ်။

"ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးမှာ အထွေထွေ အတွင်းရေးမှူးက မနေ့တုန်းက ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နဲ့ တွေ့ဆုံဆွေးနွေးခဲ့ရတဲ့ အချက်အလက် အသေးစိတ်တွေကိုတင်ပြပါတယ်။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့က မနေ့တုန်းက နှစ်ဘက်ပူးတွဲကြေညာချက်အတိုင်းပဲ သဘောတူကြောင်း မှတ်တမ်းတင်ထားပါတယ်။ တရားဥပဒေ စိုးမိုးရေးဆိုတဲ့ကိစ္စဟာ ကျနော်တို့ အဖွဲ့ချုပ်တရားဝင် နိုင်ငံရေးပါတီအဖြစ်နဲ့ ဆက်လက်ပြီး ရပ်တည်နေတဲ့ကိစ္စ၊ နောက် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးဆိုတဲ့ ကိစ္စလည်း တရားဥပဒေစိုးမိုးရေးကိစ္စလို့ ကျနော်တို့ဘက်ကလည်း မြင်ပါတယ်။ သူတို့ဘက်ကလည်း အဲဒီလို မြင်ပုံရပါတယ်။

"Issue တခုစီ အလိုက်တော့ ကျနော် ဘာမှ ပြောစရာမရှိပါဘူး။ ပြည်သူလူထုအကျိုးအတွက်ရည်ရွယ်ပြီး လုပ်ကြတဲ့နေရာမှာ သူ့အမြင် ကိုယ့်အမြင်ရှိကြတဲ့သဘော အဲဒါကိုပြောတာပါ။ NLD ဘက်ကလည်း မနေ့က ဆွေးနွေးချက်တွေကို အသိအမှတ် ပြုသလို မနေ့က ဆွေးနွေးချက်နဲ့ပတ်သက်တဲ့ ထုတ်ပြန်ချက်တွေကလည်း တကယ့်ကို ပကတိ အတိုင်းပဲ အားရကျေနပ်ဖွယ်ဖြစ်ပါတယ်။ ကျနော်တို့ဘက်က ဘာမှ ဖြည့်စွက်ပြီး ထပ်မံပြောစရာ မရှိတော့ပါဘူး။ မနေ့က ဦးအောင်ကြည်ပြောတာလည်း ကောင်းပါတယ်လို့ ကျနော်တို့ ပြောခြင်းဖြစ်ပါတယ်။"

အခုတက်လာတဲ့ အစိုးရသစ်ဟာ ၂၀၀၈ ဖွဲ့စည်းပုံနဲ့အညီတက်လာသလို အရပ်သားစစ်စစ် အနည်းစုနဲ့ စစ်ဘက်ကအသွင်ပြောင်းလာတဲ့ အများစုပါဝင်နေတာမို့ အရင် စစ်အစိုးရလက်ထက်ကလိုပဲဆက်ပြီး လုပ်ဆောင်နေတာမျိုးတွေ တွေ့နေရပေမဲ့ အခုလို စတင်တွေ့ဆုံမှုတွေ အကောင်အထည် ဖော်လာတာဟာ ကောင်းတဲ့ ခြေလှမ်းတရပ်ပါလို့ ဝါရင့် နိုင်ငံရေးသမားကြီး သခင်ချန်ထွန်းက မြင်ပါတယ်။

"ကောင်းတဲ့ လက္ခဏာတရပ်ပါပဲ။ ဦးသိန်းစိန် ကိုယ်တိုင်က တွေ့ဖို့ကောင်းတာပေါ့၊ အမှန်က။ သို့သော်လည်း ခေါ်ပြီးတော့ဆွေးနွေးတာကိုက တိုးတက်တဲ့ ခြေလှမ်းတရပ်ဖြစ်တာပဲလေ။ ဒါက ရှေ့ဆက်ပြီးတော့ များများတွေ့နိုင်လေ ကောင်းလေပဲပေါ့။ မင်္ဂလာရှိတဲ့သတင်းပါပဲ။"

ဒေါ်အောင်ဆန်းစုကြည်နဲ့ အစိုးရသစ်အဖွဲ့ ထိပ်တန်းတာဝန်ရှိသူတဦးဖြစ်တဲ့ ဝန်ကြီးဦးအောင်ကြည်တို့ ဆွေးနွေးကြတဲ့အထဲက တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဆွေးနွေးမှုတွေမှာ NLD ပါတီရဲ့တရားဝင်ရပ်တည်ရေးဆိုင်ရာအပြင် အခုထိ အကျဉ်းချခံနေရတဲ့ နိုင်ငံရေးသမားတွေအရေးကို ဆွေးနွေးခဲ့ကြတာပါ။ စစ်အစိုးရ လက်ထက်ကတည်းကရှိနေတဲ့ ဒီပြဿနာကို အစိုးရသစ်အဖွဲ့ရဲ့ သမ္မတဦးသိန်းစိန်ကညင်ညင်သာသာနဲ့ကိုင်တွယ်နိုင်စွမ်းရှိမယ်လို့ မျှော်လင့်ထားကြောင်းလည်း ပြောပါတယ်။

"နိုင်ငံရေးသမားတွေကို လွှတ်ပေးဖို့ကတော့ အချိန်ကြာပြီလေ။ ပြီးတော့ NLD ကိုလည်း ဖျက်ဆီးချင်လို့ ရတာမဟုတ်ဘူး။ သူ့အုပ်က၊ လူထုထောက်ခံမှုက အများကြီးရှိတယ်။ မှတ်ပုံတင်မလုပ်လို့ ဖျက်တယ်ဆိုတာလည်း ဖျက်စရာရှိရင်တော့ ဖျက်ပြီးပြီပေါ့လေ။ အခုက သူတို့လည်း တော်တော်စဉ်းစဉ်းစားစားနဲ့ အလုပ်လုပ်တာပါပဲ။ NLD အနေနဲ့ကတော့ သူက သူ့ရဲ့လမ်းစဉ်အတိုင်း ယုံယုံကြည်ကြည် ဒီမိုကရေစီထွန်းကားရေးအတွက် ဆက်လုပ်သွားနိုင်မယ်လို့ ဒီလိုပဲ ယုံကြည်ပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ပြည်သူလူထု တရပ်လုံးက ချစ်ခင်မြတ်နိုးနေကြတာကိုး။ အဲတော့ ဒီဟာကိုလည်း အစိုးရက အတော်လေး သဘောပေါက်ပြီနဲ့တူပါတယ်။ အဲတော့ ဒီပြဿနာတွေ ဖြေရှင်းအောင်ဆိုပြီးတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ ဒု-ဗိုလ်ချုပ်မှူးကြီး မောင်အေးတို့က သူတို့ခေါင်းပေါ်က ဒီအထုပ်ကြီးကို ဦးသိန်းစိန်ခေါင်းပေါ်ကို ပစ်တင်ခဲ့ကြတယ်လို့ ဒီလိုပဲ မြင်ပါတယ်။"

ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒီလိုတွေ့ဆုံ ဆွေးနွေးမှုတွေကိုဆက်ပြီး လုပ်ဆောင်ဖို့အပြင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ လုံခြုံရေးအတွက်လည်း တာဝန်ယူသင့်တယ်လို့ သခင်ချန်ထွန်းက ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်အတွက်တော့ အစိုးရမှာ လုံးဝတာဝန်ရှိတယ်၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့လုံခြုံရေးကို။ ပြည်သူလူထု တရပ်လုံးကနေပြီးတော့ လူများစုကြီးရဲ့ထောက်ခံမှုရတဲ့ ပုဂ္ဂိုလ်တဦးဆီကို၊ အမှန်ကတော့ သူတို့ အုပ်ချုပ်ရေးထဲမှာကိုပါ ထည့်ပြီးတော့ လုပ်သွားဖို့ ကောင်းတယ်လို့ ဒီလိုပဲ ယူဆပါတယ်။"

မနေ့ကပြုလုပ်တဲ့ အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာနရဲ့ သတင်းစာရှင်းလင်းပွဲမှာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်ကလည်း ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် မြန်မာနိုင်ငံနောင်ရေးအတွက် ပါဝင်နိုင်တဲ့အခြေအနေမျိုး ဖန်တီးပေးပြီး လုံခြုံစိတ်ချရတယ်လို့ သတ်မှတ်ထားတဲ့ ဝန်းကျင်မျိုးမှာ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ဖို့နဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့လုံခြုံရေးကို အထူးဂရုစိုက်ဖို့ တောင်းဆိုခဲ့ပါတယ်။

# အစိုးရသစ်နဲ့ တိုင်းရင်းသားကြား ပဋိပက္ခဖြေရှင်းရေး ဒေါ်စု ကူညီရန်အသင့်ရှိ

**VOA ၊ ဂျူလိုင် ၂၈ ။ ။** တိုင်းရင်းသား ဒေသတွေမှာ အစိုးရတပ်တွေနဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေကြား တိုက်ပွဲတွေအပြင်းအထန် ဖြစ်ပွားနေတာကြောင့် အပစ်အခတ်ရပ်စဲရေးနဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တွေကိုပံ့ပိုးဖို့အတွက် မြန်မာ့ဒီမိုကရေစီခေါင်း ဆောင် ဒေါ်အောင်ဆန်း စုကြည်က ကိုယ်စွမ်းရှိသ၍ ပါဝင်ကြိုးပမ်းပေးဖို့ အဆင်သင့်ရှိတဲ့ အကြောင်း ပြောဆိုခဲ့ပါတယ်။ ဒီနေ့ သမ္မတဦးသိန်းစိန်ဆီ ပေးပို့ခဲ့တဲ့ အိတ်ဖွင့်ပေးစာထဲမှာ ဒေါ်အောင်ဆန်းစုကြည်က အဲဒီလို ပြောဆိုခဲ့တာ ဖြစ်ပါတယ်။ ဒီပြောဆိုချက်နဲ့ ပတ်သက်ပြီး တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့တွေဘက်ကလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ တသဘော တည်း အတူတူရှိတဲ့အကြောင်း တုံ့ပြန်ခဲ့ကြပါတယ်။ အပြည့်အစုံကို ဒေါ်ခင်မျိုးသက်က တင်ပြပေးထားပါတယ်။

လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမီး၊ လူထု ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကပြည်တွင်းစစ်မီးငြိမ်းအေးစေဖို့ ကြိုးပမ်းတဲ့ အနေနဲ့ အစိုးရသစ်အဖွဲ့က သမ္မတဦးသိန်းစိန်နဲ့တကွ KIO ကချင်လွတ်မြောက်ရေးအဖွဲ့၊ KNU ကရင်အမျိုးသား အစည်းအရုံး၊ NMSP မွန်ပြည်သစ်ပါတီနဲ့ SSA ရှမ်းပြည်တပ်မတော်တွေဆီကို အိတ် ဖွင့်ပေးစာတစောင် ပေးပို့ခဲ့တယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောခွင့်ရ ဦးအုန်းကြိုင်က ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်က ကိုယ်တိုင်ပါဝင် ဆောင်ရွက်ပေး ချင်တဲ့စေတနာနဲ့ အိတ်ဖွင့်ပေးစာတစောင် ထုတ်ပြန်လိုက်တာဖြစ်ပါ တယ်။ ဖြစ်ပေါ်နေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေကို အမြန်ဆုံးရပ်ဆိုင်း ဖို့၊ ပြဿနာကို တွေ့ဆုံဆွေးနွေးပြီး အဖြေရှာကြဖို့ အနူးအညွတ် တိုက် တွန်းထားပါတယ်။"

အိတ်ဖွင့်ပေးစာထဲမှာ ဒေါ်အောင်ဆန်းစုကြည်က အပစ်အခတ် ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ပံ့ပိုးဖို့အတွက် ကိုယ်စွမ်းရှိ သမျှ ကြိုးပမ်းဖို့အသင့်ရှိပါတယ်လို့ ပြောတယ်။ ဘယ်လိုပုံစံနဲ့ ကြိုးပမ်း ဖို့ အစီအစဉ်ရှိပါသလဲ။

"ပါဝင် ဆောင်ရွက်ချင်တဲ့ စေတနာအရင်းခံနဲ့ ထက်သန်နေတဲ့ စေတနာကို ဖော်ပြလိုက်တာဖြစ်ပါတယ်။ ဘယ်လိုဆောင်ရွက်မလဲဆို တာကတော့ဖြစ်ပေါ်လာတဲ့အခြေအနေပေါ်မှာ မူတည်မှာဖြစ်ပါတယ်။"

လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့ ၄ ဖွဲ့အနေနဲ့ ဆက်သွယ် ချင်ရင် ဒေါ်အောင်ဆန်းစုကြည်ကို ဘယ်လိုဆက်သွယ်လို့ရပါမလဲ။

"အထွေထွေ အတွင်းရေးမှူးကတော့ အဲဒီ အဖွဲ့အစည်းတွေက တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေ၊ ခေါင်းဆောင်တွေကို တွေ့ချင်တာပါပဲတဲ့။ ဒါပေမဲ့ အခုအခြေအနေကတော့ဗျာ ကျနော်တို့က တရားဝင်လက်ခံ တွေ့ဆုံဖို့ဆိုတာ ဘယ်လိုလုပ်ဖြစ်မလဲ။ အခြေအနေက အဲဒီလို ရှိပါ တယ်။ အဲဒီတော့ အခြေအနေတွေက ပေးလာလို့ တွေ့ဆုံဆွေးနွေးခွင့် ရမယ်ဆိုရင်တော့ ဝမ်းမြောက်ဝမ်းသာ တွေ့ချင်ပါတယ်လို့ အဲဒီလိုပြော ပါတယ်။ ဒေါ်စု စေတနာအမှန်ကို ဖော်ပြတာပါ။"

ကရင်ပြည်သူတွေအတွက် ရာစုနှစ် တဝက်ကျော် လက်နက် ကိုင်တိုက်ခိုက်နေတဲ့ ကရင်အမျိုးသားအစည်းအရုံး (KNU) တာဝန်ခံ ဒေါ်နော်စီဖိုးရာစိန်ကတော့ ဒီလိုလက်နက်ကိုင်ပြီး တိုက်ခိုက်နေကြပေ မဲ့ KNU က တိုက်ခိုက်မှုတွေဟာ ကိုယ့်ကိုယ်ကို ကာကွယ်တဲ့သဘော ဖြစ်တယ်လို့ ပြောကြားခဲ့သလို ငြိမ်းချမ်းရေးအတွက် ဒေါ်အောင်ဆန်းစု ကြည်ရဲ့ ဆန္ဒနဲ့ တထပ်တည်းရှိတယ်လို့ ဆိုပါတယ်။

"သူ့သဘောထားက ကျမတို့နဲ့ ထပ်တူထပ်မျှရှိနေပါတယ်။ ကျမ တို့ ဗမာပြည် နိုင်ငံရေးပြဿနာက စစ်ရေးနဲ့ဖြေရှင်းနိုင်တာ မဟုတ် ဘူး၊ နိုင်ငံရေးနည်းနဲ့ဖြေရှင်းမှ ငြိမ်းချမ်းရေးရနိုင်မယ်ဆိုတဲ့ သူ့ရဲ့ သ ဘောထားကို ကျမတို့ကြိုဆိုတယ်။ ကျမတို့က လက်ခံထားမယ်၊ ပြီး တော့ ဗမာပြည်ရဲ့ နိုင်ငံရေးပြဿနာကိုတော့ ဒီလို ဝိုင်းဝန်းပြီးတော့တာ ဝန်ယူဖို့အရေးကြီးတယ်။ ပြီးတော့ ပြည်သူလူထုတွေကလည်း ပါဝင်ဖို့ အတွက် ကျမ ပြောချင်ပါတယ်။"

ကရင်ပြည်နယ်ထဲမှာတင် မကဘဲ ၁၉၉၄ ခုနှစ်ကတည်းက ငြိမ်းချမ်းရေးရယူထားတဲ့ ကချင်လက်နက်ကိုင် အဖွဲ့နဲ့လည်းမကြာခင် လတွေအတွင်း ပစ်ခတ်တိုက်ခိုက်မှုတွေရှိလာခဲ့တာမို့ တိုင်းရင်းသား ဒေသခံတွေ ဒုက္ခမျိုးစုံ ကြုံနေရတာပါ။ ကချင်လွတ် မြောက်ရေးအဖွဲ့ (KIO) ရဲ့ ဒုတိယ နိုင်ငံခြားရေးတာဝန်ခံ ဗိုလ်မှူးကြီး ဂျိမ်းစ်လွန်ဒေါင်း ကတော့ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေ လုပ်နိုင်ဖို့အတွက် အပစ်အခတ် ရပ်စဲရေးကို စပြီးလုပ်ဖို့လိုအပ်သလို အခုလို ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် ပါဝင်လာတာဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ဖို့အ တွက် လမ်းစပါလို့ ဆိုပါတယ်။

"ငြိမ်းချမ်းရေးအဆင့်ကိုတော့ မပြောပါနဲ့ဦး၊ နံပါတ်တစ် အပစ် အခတ်ရပ်စဲထားရမယ်၊ အပစ်အခတ်ရပ်စဲပြီးမှ ငြိမ်းချမ်းရေးကို ပြန်ပြီး ဆွေးနွေးမှာဖြစ်တယ်။ အဲဒီ ငြိမ်းချမ်းရေးရမှသာလျှင် နိုင်ငံရေးအရအစ စအရာရာ တဆင့်ပြီးတဆင့် ဆွေးနွေးသွားဖို့ရှိတယ်။ ဒေါ်အောင်ဆန်း စုကြည်က ပြည်တွင်းကသာမကဘဲ ပြည်ပကနဲ့လူတကာက ဝိုင်းပြီး တော့ သူ့ကိုအားထားကြတယ်။ အဲဒီလိုပုဂ္ဂိုလ်ဟာ ဒီလိုပါဝင်တယ်ဆို ရင် ပြည်တွင်းရေးသာမက ပြည်ပကပါ အာရုံစူးစိုက်မှုကို ဆွဲယူနိုင်လိမ့် မယ်။ အဲဒီအခါမှာ ကျနော်တို့အားလုံး သဘောထားကြီးစွာနဲ့ ဝိုင်းလုပ် ကြမယ်ဆိုရင် ဒီလုပ်ငန်းက အောင်မြင်နိုင်တယ်။"

ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမှုတွေ လုပ်မယ်ဆိုရင် တိုင်းရင်းသားအဖွဲ့အစည်း တဖွဲ့ချင်းစီမဟုတ်ဘဲ မြန်မာနိုင်ငံထဲက တိုင်းရင်းသားအားလုံးပါဝင်ပြီး NLD နဲ့ အစိုးရ အာဏာပိုင် ၃ ဖွဲ့စလုံး ပါဝင်ပြီး ဆွေးနွေးဖို့လိုအပ်တယ်လို့လည်း KNU အဖွဲ့ တာဝန်ခံ ဒေါ်နော်စီဖိုးရာစိန်က ပြောပါတယ်။

# အင်တာနက်တိုက်ခိုက်မှု မြန်မာထိပ်ဆုံး

**VOA ၊ ဂျူလိုင် ၂၇ ။ ။** ကမ္ဘာတဝန်း အင်တာနက် ဆက်သွယ်မှုအပေါ် တိုက်ခိုက်မှုတွေ မြစ်ဖျားခံလာတဲ့ တိုင်းပြည်တွေထဲမှာ မြန်မာနိုင်ငံဟာ ထိပ်ဆုံးအဆင့်မှာရှိနေတဲ့အကြောင်းနိုင်ငံတကာအင်တာနက်လုပ်ငန်း ကြီးတခုရဲ့ အစီရင်ခံစာတစောင်က ဖော်ပြလိုက်ပါတယ်။

၂၀၁၁ ခုနှစ် ဇန်နဝါရီလကနေ မတ်လကုန်အထိ ပထမ သုံးလ ပတ်အတွက် ဆန်းစစ်ချက်အရ မြန်မာနိုင်ငံကလာတဲ့ တိုက်ခိုက်မှုဟာ ၁၃% အထိရှိနေပြီး အများဆုံး ဖြစ်ခဲ့တဲ့အကြောင်း အမေရိကန်အခြေ စိုက် Akami အင်တာနက် ဆက်သွယ်မှုလုပ်ငန်းက တွေ့ရှိခဲ့တာပါ။

**စာမျက်နှာ ၁၈ သို့**

# ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို မျက်ခြေမပြတ်သင့်

**ရဲဘော် ဖိုးသံချောင်း**

**မဇ္ဈိမ အင်တာနက်စာမျက်နှာမှ ကူးယူဖော်ပြပါသည်**

နအဖအစိုးရဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေမရှိပဲ အုပ်ချုပ်ခဲ့တယ်၊ ကြံ့ဖွံ့ အစိုးရကတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ အညီ အုပ်ချုပ်ခဲ့တယ် ဆိုတာ ဟုတ်ပါတယ်။ ဒါဖြင့် ဘာအပြောင်းအလဲတွေ တွေ့နေရပြီလဲ။

ဒီနေ့အချိန်ဟာ ကြံ့ဖွံ့စစ်အစိုးရအနေနဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ အစိုးရအသစ်တရပ် အသားကျအောင် လုံးပမ်းနေချိန် ဖြစ်ပါတယ်။ စစ်တပ်က တိုက်ရိုက်လုပ်ဖို့မလိုတဲ့ လုပ်ငန်းတွေကို "အရပ်ဘက်" လွှဲပြောင်းပေးတယ်ဆိုတာဖြစ်အောင် အဘက်ဘက်မှာ လုပ်နေရပါတယ်။ ပြောရရင် ဒီအလုပ်ဟာသူတို့အတွက်လွယ်တာတော့ မဟုတ်ပါဘူး။ အရင်ကတော့ စစ်တပ်က အားလုံးကို လက်ဝါးကြီး အုပ်ထားတာဆိုတော့ အခြေအနေကို စစ်တပ်က (နယ်တွေမှာဆိုရင် စစ်တိုင်းတွေက) တိုက်ရိုက်သိနေ၊ချုပ်ကိုင်နေတာဖြစ်သလို စားပေါက်တွေကိုလည်း သူတို့ကပဲ အားလုံးချုပ်ထား၊ စားသုံးနေပါတယ်။ အခုကျတော့ တိုင်းအစိုးရ၊ ပြည်နယ်အစိုးရဆိုတာတွေ လုပ်ထားတော့ ဒီအစိုးရတွေရဲ့အလုပ်ကိုလည်း ပြနိုင်အောင်၊ တချိန်ထဲမှာ အခြေအနေတွေကို စစ်တပ်က ချုပ်ကိုင်မိနေနိုင်အောင် အဆင့်ဆင့် အစီရင်ခံရ၊ ခွင့်ပြုချက် ယူရတာတွေ၊ ညွှန်ကြားတာတွေ အဆင့်ဆင့် သွယ်သွယ် ဝိုက်ဝိုက်တွေ ဖြစ်လာပါတယ်။ တခါတလေမှာ တမြို့ထဲ၊ တခရိုင်ထဲ ဖြစ်နေတဲ့ကိစ္စကို ထိပ်ဆုံး ကြပ်ပြေးနေပြည်တော်အထိ တက်ပြီးမှ နေပြည်တော်ကနေ တမြို့ထဲနေ တခြားဌာနတခုကို ပြန်ချပေးတာဖြစ်နေတော့ အချိန်တွေ အရမ်းကြန့်ကြာတွေလည်း ရှိနေပါတယ်။ ဒ့ါအပြင် လာဘ်ယူတော့လည်း အရင်က စစ်တပ်ကို တိုက်ရိုက်ပေးလို့ ရပေမယ့် အခုတော့လမ်းက ကွေ့ကောက်နေပါတယ်။ သေချာအောင် ပြောရရင် စစ်တပ်ကို မခွဲ့ရတော့တာ မဟုတ်ပါဘူး။ အခုလက်တွေ့မှာ ပါးစပ်တပေါက် ပိုခွဲ့နေရပါတယ်။ ဒီလို အခွင့်အာဏာရော စားပေါက်တွေပါ မျှမျှတတနဲ့ သူတို့တွင်း win-win ဖြစ်တဲ့ စနစ်တရပ် အခိုင်အမာအသားကျအောင် သူတို့အနေနဲ့ အချိန်ယူပြီး အတော်ကို လုပ်ရအုံးမှာပါ။

ကြံ့ဖွံ့စစ်အစိုးရက ဒီလိုလုပ်နေချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ကို ပုဂံဘုရားဖူးခွင့်ပြုတာ၊ အာဇာနည်နေ့မှာ တက်ရောက်စေတာ၊ ဗိုလ်အောင်ကြည်နဲ့ စကားပြောခိုင်းထားတာ စတဲ့ အပေါ်ယံကိစ္စတွေ ခွင့်ပြုပြီး ပြည်တွင်းပြည်ပ အာဘော်တွေမှာ အမှတ်ယူနေပါတယ်။ ဒါတွေကို သူတို့ ဆင်ကွက်ထဲဝင်ပြီး အမှတ်ပေးချင်သူတွေက အမှတ်ပေးနေတဲ့အပြင် တချို့ကဆိုရင် အစက ငါမပြောဘူးလား ဆိုတာမျိုး အထိပြောနေကြပါတယ်။ တခါ နိုင်ငံရေးလောကမှာကြုံရလေ့ ရှိတဲ့ နောက်တက်တဲ့ အစိုးရ ဒို့အစိုးရ ဆိုသူတွေလည်း လက်မထောင်လာကြတာတွေ့ရပါတယ်။တကယ်ကတော့ စစ်အစိုးရတရပ်ဟာသက်တမ်းရှည်လာတာနဲ့အမျှ သူတို့မှာ အတွေ့အကြုံတွေလည်း များပြားကြွယ်ဝလာတယ်ဆိုတာကို မမေ့သင့်ပါဘူး။ သူတို့အနေနဲ့ သူတို့အာဏာကို အန္တရာယ်မပေးရေးဆိုတဲ့ မူအောက်မှာ ဘယ်ဟာ လောက်ကို တော့ လိုက်လျော၊ ဘယ်ဟာကိုတော့ အလျှော့မပေးနဲ့ဆိုတာကိုကောင်းကောင်းခွဲခြားတတ်ပါတယ်။

သေချာပြန်ကြည့်လိုက်ရင် စစ်အစိုးရတွေဟာ မူကျတဲ့ ကိစ္စတွေအပေါ်မှာ ဘယ်တော့မှ အလျှော့မပေးဘူးဆိုတာ အားလုံးအသိပါပဲ။ အလွယ်ဆုံးနဲ့ အမြင်သာဆုံးပြရရင် နိုင်ငံရေးအကျဉ်းသားကိစ္စ၊ တိုင်းရင်းလက်နက်ကိုင်ကိစ္စတို့မှာ တလက်မတောင် အလျှော့မပေးရေး၊ တိုင်းပြည်ရဲ့စီးပွားရေးကို သူတို့နဲ့ သူတို့ရဲ့ ပုလင်းတူဖူးဆို့တွေချည်း ချုပ်ကိုင်ထားရေးတို့ဟာ ဘယ်သူနဲ့မှ ညှိနှိုင်းမှာ၊ အပေးအယူလုပ်မှာ မဟုတ်တဲ့ သူတို့ရဲ့အခြေခံမူတွေပဲ မဟုတ်ပါလား။

ပြန်စဉ်းစားလိုက်ရင် ၁၉၆၂ ခုနှစ် ဦး/ဗိုလ်နေဝင်းကစလို့ ဗိုလ်စောမောင်-ဗိုလ်သန်းရွှေအလယ် ဦး/ဗိုလ်သိန်းစိန်အဆုံး စစ်အာဏာရှင်တွေမှာ တူညီတဲ့မူအချက်တွေ အများကြီးရှိတယ်ဆိုတာတွေ့ရပါမယ်။ အဲဒါတွေကတော့ (မဆလ နာမည်ခံလို့ပဲ ဖြစ်ဖြစ်၊ ကြံ့ဖွံ့ နာမည်ခံလို့ပဲဖြစ်ဖြစ်၊ အာဏာကို ယာယီသိမ်းထားသူ အနေနဲ့ဖြစ်ဖြစ်) အာဏာကို သူတို့ချည်း လက်ဝါးကြီး အုပ်ထားတာ၊ ပြည်တွင်း စစ်အပေါ်မှာ ထားရှိတဲ့ သဘောထား၊ ကျောင်းသားသမဂ္ဂတွေအပေါ်ထားရှိတဲ့ သဘောထား၊ စီးပွားရေးကို သူတို့ချည်း လက်ဝါးချည်း အုပ်ထားလိုတဲ့သဘောထား၊ တိုင်းရင်းသားပြည်သူတွေအပေါ် ထားရှိတဲ့ သဘောထား စတာတွေပါပဲ။ ဒါတွေဟာ နှစ်ပေါင်း ၆၀ နီးပါး ၏-သည် မကွဲပဲ စစ်အာဏာရှင် အဆက်ဆက်ကိုင်စွဲခဲ့တဲ့ ပေါ်လစီတွေလို့ဆိုရပါမယ်။

တကယ်က အစိုးရတရပ်ရဲ့ လက္ခဏာကိုဖြစ်စေ၊ အဲဒီအစိုးရ ဦးတည်နေတာကို ဖြစ်စေသိချင်ရင် သူတို့ရဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို စောကြောရပါတယ်။ စစ်အစိုးရရဲ့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ စပေါ်ထွက်လာ ကထဲက လူတိုင်းရဲ့ဆန့်ကျင်ခြင်းကို ခံခဲ့ရပါတယ်။ ပြောရရင် ၂၀၁၀ ရွေးကောက်ပွဲ ကြံ့ဖွံ့ကမဟုတ်ပဲ ဝင်ခဲ့သူတွေ၊အခုအမတ်ဖြစ်နေသူတွေတောင်မှ ဒီဖွဲ့စည်းပုံ အခြေခံဥပဒေဟာ ဘယ်လောက်ဆိုးတယ်၊ စစ်တပ်အာဏာလက် မလွှတ်ရေးကို အာမခံ ပေးတဲ့ ဥပဒေဖြစ်တယ် ဆိုတာကို မြင်ခဲ့၊ အသိအမှတ်ပြုခဲ့ကြပါတယ်။ အခု ကြံ့ဖွံ့ စစ်အစိုးရလုပ်နေတာတွေဟာ အဲဒီဖွဲ့စည်းပုံ အခြေခံဥပဒေပါ ရည်မှန်းချက်တွေကို ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ အကောင်အထည်ဖော်နေတာ ဖြစ်တယ်ဆိုတာကို မမေ့သင့်ပါဘူး။

ဒီအစိုးရ တက်လာတာ လေးလကျော်ခဲ့တဲ့ နောက်မှာ တိုင်းပြည်ကို (ဖွဲ့စည်းပုံအခြေခံဥပဒေပါသတ်မှတ်ချက်အတိုင်း) အချိန်မရွေး အာဏာသိမ်းမယ့် အန္တရာယ်က ကွာလှမ်းသွားစေခဲ့တယ်လို့ ဘယ်သူပြောနိုင်ပါသလဲ။ ကြပ်ပြေးက လွှတ်တော်ထဲမှာ ကြံ့ဖွံ့အစိုးရက ချမှတ်ချင်တာကို ကြံ့ဖွံ့မဟုတ်တဲ့ ကိုယ်စားလှယ်တွေက ဆန့်ကျင်လို့ပျက်သွားတယ်၊ ရပ်ဆိုင်းထားရတယ် ဆိုတာမျိုးကော ဘယ်နှစ်ကြိမ်များရှိသွားပြီလဲ။ ကိစ္စတွေကို ကိုယ့်ကိုယ်ကို မညာစတမ်း၊ မလိမ်စတမ်းကြည့်

**စာမျက်နှာ ၇ သို့**

# မိတ္ထီလာမြို့ရှိ မူဆလင်သချိုင်းဟောင်းကို ကုမ္ပဏီတခုက ဝယ်ယူဖျက်သိမ်း

**Mizzima ။ ဂျူလိုင် ၂၆ ။** ။ မန္တလေးတိုင်း မိတ္ထီလာမြို့ရှိ မူဆလင် သချိုင်းဟောင်းအား စီးပွားရေးကုမ္ပဏီတခုက ဖြိုဖျက်ရာ မြို့ခံ အစ္စလမ် ဘာသာဝင်များက ဝိုင်းဝန်းကန့်ကွက်သဖြင့် ဖြိုဖျက်မှုကိုတနင်္လာနေ့က ရပ်ဆိုင်းလိုက်ရသည်။

မန္တလေးတိုင်း မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက်ရှိ နှစ် ၁၀၀ ကျော် သက်တမ်းရှိ ဆွန်နီမူဆလင် ဥယျာဉ်တော်သချိုင်းကို မြန်မာ့စိမ်းလန်းစိုပြည်ရေးကုမ္ပဏီမှ မြေတူးစက် ၃ စီးနှင့် နံနက် ၂ နာရီခန့်က စတင်ဖြိုဖျက်ခဲ့ရာ ထက်ဝက်ခန့်ဖြိုအပြီး ကန့်ကွက်ခံရသဖြင့် ရပ်နားလိုက်ရခြင်းဖြစ်သည်။

“ရှစ် ဧကခွဲလောက်ရှိတာ လေး ဧကလောက် ပျက်သွားပါတယ်။ အုတ်ဝင်းထရံကိုရော အုတ်ဂူတွေကိုပါ ဘူဒိုဇာနဲ့ ထိုးချသွားတာပါ”ဟု အခင်းဖြစ်ပွားချိန်တွင် ကိုယ်တိုင်ရှိနေခဲ့သူ မိတ္ထီလာမြို့ ဒေသခံတဦးက ပြောသည်။

ရုတ်ရုတ်သဲသဲဖြစ်ပွားနေစဉ် ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ ရောက်ရှိလာပြီးနောက် ဖြိုဖျက်မှု ရပ်တန့်သွားခြင်းဖြစ်သည်။ မိတ္ထီလာ အန်အယ်ဒီ အထွေထွေအတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးကလည်း “ကုမ္ပဏီတခုက လူတွေ ဘူဒိုဇာနဲ့လာဖျက်တော့ အနားမှာရှိတဲ့ မူဆလင်တွေ မခံနိုင်ဖြစ်ပြီး ဝိုင်းရောက်လာကြတာ”ဟု ပြောသည်။

သချိုင်းဟောင်း ဖျက်သည့်ကိစ္စနှင့်ပတ်သက်၍ မဇ္ဈိမက မိတ္ထီလာမြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ ဆက်သွယ်မေးမြန်းခဲ့ရာ တာဝန်ရှိသူ တဦးက ဖျက်ခံရသည်မှာ မှန်ကန်ကြောင်း အတည်ပြုပြောဆိုခဲ့သော်လည်း အသေးစိတ်ကို ဖြေဆိုပိုင်ခွင့် မရှိကြောင်းပြောဆိုသည်။

ဆွန်နီသချိုင်းမြေကို မြန်မာ့စိမ်းလန်းစိုပြေရေး ကုမ္ပဏီက ဝယ်ယူထားသည့် အတွက် ယခုလိုလာရောက် မြေညှိခြင်းဖြစ်ကြောင်း အာဏာပိုင်များနှင့် ကြာသပတေးနေ့က အုပ်ချုပ်ရေးမှူးရုံးတွင် ပြုလုပ်သည့် အစည်းအဝေးတွင် ကုမ္ပဏီက တင်ပြခဲ့သည်ဟုလည်း အစည်းအဝေးတက်ရောက်ခဲ့သူ ပလီဆရာတဦးက ပြောသည်။

သချိုင်းကို မဖျက်ရန် မိတ္ထီလာရှိ အစ္စလာမ် ဘာသာရေးခေါင်းဆောင်များက အာဏာပိုင်များထံသို့ ၂၀၀၈ ခုနှစ်တွင် တကြိမ်၊ ၂၀၁၁ ခုနှစ် မတ်လနှင့် မေလတို့တွင် ၂ ကြိမ် စာရေးတင်ပြခဲ့သော်လည်း တစုံတရာ အကြောင်းပြန်ကြားခြင်းမရှိခဲ့ချေ။

မိတ္ထီလာရှိ မူဆလင်များက ပလီများတွင် တနင်္လာနေ့က အရေးပေါ်အစည်းအဝေး ကျင်းပခဲ့ပြီးနောက် တစုံတရာ အကြောင်းကြားခြင်း မရှိဘဲ ဝင်ရောက်ဖြိုဖျက်သည့် ကုမ္ပဏီအား တရားစွဲရန် စီစဉ်ထားသည် ဟုလည်း ပြောသည်။

၂၀၀၁ ခုနှစ်က စတင်ကာ အဆိုပါ သင်္ဂြိုဟ်မြှုပ်နှံခြင်း မပြုတော့ဘဲ မိတ္ထီလာနှင့် ၆ မိုင်ခန့်ဝေးသည့် မြို့ပြင်မြင်တော်ကန် အရပ်သို့ ပြောင်းရွှေ့မြှုပ်နှံလျက်ရှိသည်။

# ဒေါ်စုကို ဖိတ်ကြားခဲ့ခြင်းမရှိဟု ဆို

**Mizzima ။ ဂျူလိုင် ၂၅ ။** ။အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် ဇွန်လအတွင်း မြန်မာနိုင်ငံသို့လာရောက်စဉ် ဒေါ်အောင်ဆန်းစုကြည်အား အိန္ဒိယသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့သည်ဆိုခြင်းမှာ မဟုတ်မှန်ကြောင်း ရန်ကုန်ရှိ အိန္ဒိယသံအရာရှိတဦးက ငြင်းဆိုလိုက်သည်။

“မဟုတ်ပါဘူး။ ကျနော်တို့အစီအစဉ်ထဲမှာ အဲဒါ လုံးဝမပါခဲ့ပါဘူး”ဟု ပထမအတွင်းဝန်မစ္စတာဂျိုရှီက မဇ္ဈိမကိုပြောသည်။ နယူးဒေလီအခြေစိုက် Indo-Asian News Service – IANS အင်တာ နက်စာမျက်နှာ၌ ဇူလိုင် ၂၃ ရက်နေ့က ရေးသားဖော်ပြထားသည်ကို ငြင်းဆိုလိုက်ခြင်း ဖြစ်သည်။

အိန္ဒိယ နိုင်ငံခြားရေးအတွင်းဝန် နီရူပါမာရောင်း Nirupama Rao ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်၌ သွားရောက်တွေ့ဆုံစဉ် ဖိတ်ကြားခဲ့ခြင်းဖြစ်ပြီး ‘ဒေါ်အောင်ဆန်းစုကြည်လာလည်မည်မျှော်လင့်ကြောင်း’လည်း ဆွေးနွေးပွဲအကြောင်းအရာများအားသိရှိသူတဦးအား ကိုးကား၍ IANS က ရေးသားထားသည်။

မစ္စက်ရောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ဇွန်လ ၂၀ ရက်နေ့က တနာရီကြာ တွေ့ဆုံခဲ့သော်လည်း နှစ်နိုင်ငံ ဆက်ဆံရေးရင်းနှီး ပွင့်လင်းစေရန် နှစ်ဘက်ဆန္ဒရှိကြကြောင်း ဖော်ထုတ်ပြသခဲ့သည်ဟုသာ သတင်းထုတ်ပြန်ခဲ့သော်လည်း အသေးစိတ်ကိုမူ မသိရှိခဲ့ရပေ။

ထိုစဉ်က တွေ့ဆုံမှုအစီအစဉ်မှာလည်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် NLD ခေါင်းဆောင်များလည်း မသိရှိခဲ့သလို ယခုလိုဖိတ်ကြားခဲ့သည်ဆိုသည့်ကိစ္စကိုလည်း မသိရသေးကြောင်း NLD ပါတီက ပြောသည်။ “ကျနော်ကတော့ ဘာမှမသိရသေးပါဘူးခင်ဗျ။ ဒေါ်အောင်ဆန်းစုကြည်ကိုမေးကြည့်ပြီးမှသိရပါမယ်” ဟု ပါတီပြောခွင့်ရှိ ဦးအုန်းကြိုင်က မဇ္ဈိမကို ပြောသည်။ မစ္စက်နီရူပါမာရောင်းသည် အမေရိကန်ဆိုင်ရာအိန္ဒိယသံအမတ်အဖြစ် ဇူလိုင် ၃၁ မှစတင် တာဝန်ထမ်းဆောင်ရန် ခန့်အပ်ပြီး ဖြစ်သည်။

**စာမျက်နှာ ၆ မှ**

ကြိုစမ်းပါ။ သမိုင်းမှာ စစ်အစိုးရရဲ့ အလိမ်အညာကို အကာအကွယ် ပေးသူ၊ ဖုံးဖိပေးသူ၊ အောက်စောင့် လုပ်ပေးသူအဖြစ် နာမည် မပျက်ဖို့ လိုပါတယ်။

ဗမာပြည်သမိုင်းမှာရှိခဲ့တဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေလေးခုထဲက တခုထဲသော အများလက္ခဏာဆောင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေလို့ ပြောရမယ့် ၁၉၄၇ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေကို တောင်မှ ဖဆပလအစိုးရဟာ သူတို့ထင်သလို ဆွဲဆန့်ပြီး အတိုက်အခံတွေကို ဖိနှိပ် သတ်ဖြတ်တာတွေ လုပ်ခဲ့ပါသေးတယ်။ လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ကတော့ ကြံ့ဖွံ့စစ်အစိုးရ ဘယ့်က လောက်အထိ ရမ်းနိုင်တယ်ဆိုတာ လူတိုင်းခန့်မှန်းနိုင် ပါတယ်။

ဗမာပြည်ရဲ့အခြေအနေတွေကိုပြောင်းဖို့ဆိုရင် ၂၀၀၈ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြောင်းလဲပစ်တာက စရပါမယ်။ ဒီမိုကရေစီအတွက် အရေးဆိုနေသူတွေအားလုံး ဒီဖွဲ့စည်းပုံအခြေခံဥပဒေဆိုးကြီးကို မျက်ခြေမပြတ်ကြဖို့ လိုသလို မိမိတို့ရဲ့လုပ်ငန်းစဉ်တိုင်းမှာလည်း ဒီဖွဲ့စည်းပုံ အခြေခံဥပဒေဖျက်သိမ်းရေးကို ထိပ်တန်းထားကြရပါလိမ့်မယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေကိုဦးတည်တိုက်ရတဲ့တိုက်ပွဲဆိုတာဟာ လွယ်လွယ် မဟုတ်ဘူးဆိုတာလည်း မမေ့ဖို့ လိုပါတယ်။ ❖❖❖

# အော်ရယ်ဘီ ခံတွင်းသန့်စင် ဆေးရည်ကို မသုံးစွဲရန် နိုးဆော်စာထုတ်ပြန်

**DVB ၊ ဇူလိုင် ၂၇ ။** ။ အော်ရယ်ဘီ (Oral-B) အမျိုးအစား ခံတွင်းသန့်ဆေးရည်ကို မသုံးစွဲဖို့ ကျန်းမာရေးဝန်ကြီးဌာနက ဒီနေ့ထုတ်ကြေးမုံသတင်းစာမှာ အသိပေးနိုးဆော်ချက် ထုတ်ပြန်လိုက် ပါတယ်။

အော်ရယ်ဘီ ဆေးရည်ဟာ ကျန်းမာရေးနဲ့မညီညွတ်တဲ့အပြင် ထုတ်လုပ်တဲ့ကုမ္ပဏီကလည်း အဲဒီဆေးရည်ကို ပြန်သိမ်းနေတာကြောင့် မသုံးသင့်ဘူးလို့ နိုးဆော်ချက်က ဆိုပေမယ့် ကျန်းမာရေးနဲ့ ဘယ်လိုမညီညွတ်တာလဲဆိုတာကိုတော့ နိုးဆော်ချက်မှာ မဖော်ပြထားပါဘူး။

အော်ရယ်ဘီ ခံတွင်းသန့်ဆေးရည်ဟာ ဘယ်နိုင်ငံက ထုတ်တာလဲ၊ ဘာကြောင့် ကျန်းမာရေးနဲ့မညီညွတ်တာလဲ၊ အော်ရယ်ဘီအမျိုးအစား သွားတိုက်ဆေးနဲ့ သွားပွတ်တံတွေရော ကျန်းမာရေးနဲ့ ညီညွတ်ရဲ့လားဆိုတာနဲ့ပတ်သက်ပြီး အိန္ဒိယနိုင်ငံမှာ ယမုံနာဆေးခန်းဖွင့်ထားပြီး မြန်မာဒုက္ခသည်တွေကို အခမဲ့ဆေးကုသပေးနေတဲ့ ဒေါက်တာတင့်ဆွေကိုမေးမြန်းထားပါတယ်။ အော်ရယ်ဘီ ခံတွင်းသန့်ဆေးရည် နဲ့ပတ်သက်ပြီး ကမ္ဘာမှာသတင်း စထွက်လာတဲ့အကြောင်း ဒေါက်တာတင့်ဆွေက အခုလို ပြောပါတယ်။

"ဒီသတင်း ကမ္ဘာမှာ စပေါ်လာတာ ဇူလိုင် ၁၅ ကတည်းက စပြီး ပေါ်လာတယ်ခင်ဗျ။ ဒီ အမေရိကန်နိုင်ငံမှာ ရှိတဲ့ နိုင်ငံပေါင်းစုံကော်ပိုရေးရှင်းကြီးဖြစ်တဲ့ ပီအန်ဂျီလို့ ခေါ်ပါတယ်။ အဲဒီ ကုမ္ပဏီက နေပြီးတော့ ပါးစပ်နဲ့ခံတွင်းသန့်ရှင်းရေးပါးစပ်ဆေးတဲ့ ဆေးကို ပြန်ခေါ်တယ်လို့ ခေါ်တာပေါ့လေ။ ဝယ်သုံးပြီးသားလူတွေကို ပြန်ပို့ပါဆိုပြီးတော့ သူတို့ ကြေညာချက် ထုတ်တယ်ခင်ဗျ။ ဘာကြောင့်လဲဆိုတော့ သူက အကုန်လုံးပို့ပါလို့ အတင်းခိုင်းတာတော့ မဟုတ်ဘဲနဲ့ ပို့ချင်တဲ့လူ ပို့ပါဆိုတဲ့သဘောမျိုး ဖြစ်ပါတယ်။ အကြောင်းပြချက်ကတော့ ပါးစပ်နဲ့ ခံတွင်းဆေးရည်ထဲမှာ မလိုလားအပ်တဲ့ ဗက်တီးရီးယားတွေရဲ့ အရေအတွက်ဟာ ပိုပြီးတော့ ပါနေတယ်ပေါ့လေ။ အဲဒါကြောင့် အန္တရာယ်ရှိနိုင်စရာရှိတယ်ဆိုတဲ့ ထင်မြင်ယူဆချက်အရ ဒီထုတ်ကုန်တွေကို ပြန်ပြီးတော့ ပို့ခိုင်း သွင်းခိုင်းတာပဲခင်ဗျ။"

မလိုလားအပ်တဲ့ ဗက်တီးရီးယားဆိုတာ ခံတွင်းကင်ဆာဖြစ်စေတာတို့ ဘာတို့လား။

"အဲဒီလိုတော့မဟုတ်ဘူးခင်ဗျ။ ဗက်တီးရီးယားဆိုတော့ infection ခေါ်တဲ့ ရောဂါပိုးဝင်တာဖြစ်နိုင်တယ်။ ဒါပေမယ့် ဖြစ်နိုင်တာကလည်း ပုံမှန်ကျန်းမာရေးကောင်းနေတဲ့ လူတွေအတွက်တော့မထောင်းသာဘူးပေါ့လေ။ ကျန်းမာရေး အားနည်းနေတဲ့အချိန် ကိုယ်ခံအားနည်းနေတဲ့ လူတွေမှာတော့ ဗက်တီးရီးယားပိုးဝင်တာတွေဖြစ် စေနိုင်တယ်လို့ သူတို့ ယူဆတဲ့အတွက်ဒီ အမေရိကန် အက်ဖ်ဒီအေကနေပြီးတော့ ကြေညာချက် ထုတ်တာဖြစ်ပါတယ်ခင်ဗျ။ အဲဒီတော့ ဒီကုမ္ပဏီကလည်း ကုမ္ပဏီခွဲတွေရှိတယ်။ ဖိလစ်ပိုင်မှာလည်းရှိတယ်၊ ထိုင်းမှာလည်းရှိတယ်ပေါ့၊ တကမ္ဘာလုံး အကျုံးဝင်တာပေါ့။"

ခံတွင်းဆေးရည်ကတော့ သိပ်ပြဿနာမရှိလောက်ဘူး၊ ကျနော်တို့ တိုင်းပြည်မှာ။ တော်တော်တတ်နိုင်တဲ့ လူမှာ သုံးတာကိုး။ ခံတွင်းနဲ့ပတ်သက်လို့ သွားပွတ်တန်တို့၊ သွားတိုက်ဆေးတို့....။

"အခုထိတော့ အဲဒါတွေမထွက်သေးဘူးခင်ဗျ၊ ဆေးရည်ကိုပဲပေါ့လေ။ သွားတိုက်ဆေးတော့၊ သွားတိုက်တံတွေကိုတော့မဟုတ်ဘူး ။ ဆေးရည်ထဲ ဖျော်စပ်တဲ့အထဲမှာ သူတို့ တခုချို့ယွင်းသွားပုံရတယ်ခင်ဗျ။ လိုတာထက်ပိုတဲ့ ဗက်တီးရီးယားအရေအတွက်ပါတယ် ဆိုတော့ အခုထိကတော့ ဒီခံတွင်းဆေးရည်ကိုပဲ ထုတ်ပါသေးတယ်ခင်ဗျ၊ ကျန်တာတွေတော့ အခုထိတော့ မထုတ်သေးပါဘူး။"

အဲဒီတော့ ဆရာ မသုံးရင် အကောင်းဆုံးပေါ့နော်။

"မသုံးသင့်ဘူးခင်ဗျ။ သူတို့ကတော့ ပို့ချင်ပို့ကြပါလို့ ပြောတော့ ကျနော်တို့ကျန်းမာရေးရှုထောင့်ကကြည့်ရင်တော့ မသုံးတာအကောင်းဆုံးပဲလို့ ဆရာဝန်တယောက်အနေနဲ့ ညွှန်ချင်တယ်ခင်ဗျ။"

ဒီကိစ္စနဲ့ ပတ်သက်လို့ တခြား ဘာများပြောချင်ပါသေးလဲ။

"ဒီဟာကို တကယ်လို့ ကျနော်တို့ ဗမာနိုင်ငံမှာလည်း အဲဒီလို တားဆီးမှု သို့မဟုတ် သတိပေးကြေညာမှုတွေ ရှိရင်တော့ ကောင်းတယ်ခင်ဗျ။ အဲဒီလို လုပ်ရင်တော့ ကျနော်တို့နိုင်ငံရဲ့ ကျန်းမာရေးဌာနကို ချီးကျူးရမှာပါ။ ဒီသတင်းထွက်လာတာက အခုဆို ၁၂ ရက်တောင် မရှိသေးဘူးပေါ့လေ။ ကမ္ဘာနဲ့အမှီ လူထုရဲ့ ကျန်းမာရေးကို သတိပေးနိုင်စွမ်းမရှိရင်တော့ ဒါကောင်းတယ်၊ အဲဒီလိုလည်း လုပ်သင့်တယ်လို့ ယူဆတယ်။ နောင်လည်းပဲ အဲဒီလို လူထုကျန်းမာရေး ထိခိုက်မယ့် ဟာတွေကို သတိဝီရိယနဲ့ နေ့ညမပြတ် ကြည့်ပြီးတော့ ပြည်သူလူထုကို ကျယ်ကျယ်ပြန့်ပြန့် အသိပေးသင့်တယ်လို့ ယူဆပါတယ်ခင်ဗျ။"

---

# ၃ စီးမြောက် ထိုင်းရဟတ်ယာဉ် ပျက်ကျ

**VOA ၊ ဇူလိုင် ၂၄ ။** ။ ထိုင်း၊ မြန်မာ နယ်စပ်နားမှာ ထိုင်းစစ်ရဟတ်ယာဉ်တစီး ဒီကနေ့ ပျက်ကျခဲ့လို့ ထိုင်းစစ်သား ၃ ဦး သေဆုံးပြီး တဦးဒဏ်ရာရခဲ့တယ်လို့ ထိုင်းအရာရှိတွေက ပြောပါတယ်။ အခုတလောထိုင်း၊ မြန်မာ နယ်စပ်နားမှာပဲ ထိုင်းစစ်ရဟတ်ယာဉ်တွေ ပျက်ကျတာ ၃ စီးရှိသွားပါပြီ။

ပြီးခဲ့တဲ့ အင်္ဂါနေ့က ပျက်ကျခဲ့တဲ့ ရဟတ်ယာဉ်မှာ ပါသွားသူတွေရဲ့အလောင်းတွေကို သယ်ဆောင်ဖို့ ထပ်သွားတဲ့တစီး ဒီကနေ့ပျက်ကျတာပါ။ အဲဒီရဟတ်ယာဉ်ပေါ်မှာ စစ်ရဟတ်ယာဉ်မှူး ၂ ဦးနဲ့ စက်ပြင် ၂ ဦး ပါသွားပြီး တဦးပဲ အသက်ရှင်တယ်လို့ ဆိုပါတယ်။ ဒါနဲ့ပါဆိုရင် ပျက်ကျခဲ့တဲ့ ရဟတ်ယာဉ် ၃ စီးမှာ ပါဝင်ခဲ့သူတွေ သေဆုံးတာ ၁၇ ဦး ရှိသွားပါပြီ။

ဒီကနေ့ပျက်ကျတာက Bell 212 အမျိုးအစား စစ်ရဟတ်ယာဉ်ဖြစ်ပါတယ်။ ထိုင်း၊ မြန်မာနယ်စပ်အနီးက ထိုင်းဘောမဲ့ကြိုးဝိုင်း သစ်တောအတွင်းမှာ မီးလောင်နေတဲ့ ရဟတ်ယာဉ်ရဲ့ပုံကို ထိုင်းနိုင်ငံ ရုပ်မြင်သံကြားတွေမှာပြသခဲ့ပါတယ်။ ဒီကနေ့ ပျက်ကျခဲ့တဲ့အချိန်မှာ ရာသီဥတုက ပုံမှန်အခြေအနေပဲလို့ ဆိုပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင်လ ၁၆ ရက်နေ့တုန်းက ပျက်ကျခဲ့တဲ့ စစ်ရဟတ်ယာဉ်မှာ ထိုင်းစစ်သား ၅ ဦးသေဆုံးခဲ့ပြီး အဲဒီလူတွေရဲ့ အလောင်းတွေကိုသယ်ဖို့သွားတဲ့ နောက်ရဟတ်ယာဉ်တစီးက ပြီးခဲ့တဲ့ အင်္ဂါနေ့မှာ တခါပျက်ကျတော့ အဲဒီမှာ ထိုင်းစစ်သား ၈ ဦးနဲ့ ရုပ်မြင်သံကြား ကင်မရာသမားတဦး သေဆုံးခဲ့ပါတယ်။




**ဇူလိုင် ၂၂ I Irrawaddy II** II မြန်မာသည် နိုင်ငံရေးအကျဉ်းသားများအား မလွှတ်ပါက နိုင်ငံတကာ၏ယုံကြည်စိတ်ချမှုကို ဆုံးရှုံးမည်ဟု ကလင်တင်မှ ဆို၏။
**ဇူလိုင် ၂၂ I Mizzima II** II အဲန်အဲလ်ဒီတွင် ကျင်းပသည့် နိုင်ငံရေးသိပ္ပံသင်တန်းသို့ လူ ၁၀၀ ခန့်တက်ရောက်၏။ သင်တန်းဆရာကြိုတင်ကြေညာလျှင် အပိတ်ပင်ခံရ၍ ကြိုတင်မကြေညာသော်လည်း ယခုသင်တန်း(ပထမဆုံး)နည်းပြမှ ကိုးရီးယား တက္ကသိုလ်မှ Brendam Howe ဖြစ်၏။
**ဇူလိုင် ၂၃ I TORONTO, Canadian Press II** II ကနေဒါသည် မြန်မာနှင့် ကန့်သတ်ပြန်လည်ဆက်ဆံမှုဗျူဟာကို သံတမန်အမတ်အပြန်အလှန်ခန့်အပ်မှုတို့ဖြင့် စတင်မည်။ ကန့်သတ်ပိတ်ပင်မှုများ မြန်မဆန်စွာပျောက်မသွားသေးဘဲ၊ လူ့အခွင့်အရေးအခြေအနေအပေါ် မူတည်ကြောင်း။
**ဇူလိုင် ၂၃ I Channel News Asia, NUSA DUA II** II မြန်မာသည် စစ်မှန်သော အရပ်သားအစိုးရနှင့် ဒီမိုကရေစီအရေခြုံစစ်အုပ်ချုပ်ရေးအဖွဲ့ကြားတွင် ဖါးတပိုင်းငါးတပိုင်း အခြေအနေရောက်နေကြောင်း အမေရိကန် နိုင်ငံခြားရေးတာဝန်ခံ ကလင်တန်မှ ဆို၏။
**ဇူလိုင် ၂၃ I New KeralaII** II အိန္ဒိယအရှေ့မြောက်ပိုင်းမှ လက်နက်ကိုင်များသည် စခန်းများကို မြန်မာဖက်သို့ ရွှေ့နေကြောင်း။
**ဇူလိုင် ၂၃ I AP II** II ဒေါ်အောင်ဆန်းစုကြည်သည် ဝန်ကြီးဦးအောင်ကြည်နှင့် တွေ့ဆုံဆွေးနွေးမည်၊ ဆွေးနွေးပွဲတစိတ်တဒေသကို သတင်းထောက်များတက်ရောက်ခွင့်ရမည်။
**ဇူလိုင် ၂၃ I IANS II** II ဒေါ်အောင်ဆန်းစုကြည်အား အိန္ဒိယသို့လာရောက်လည်ပတ်ရန် ရန်ကုန်သို့ အိန္ဒိယနိုင်ငံခြားရေးတာဝန်ခံ နီပုပါမ်ရောဝ် ယခင်လကရောက်စဉ် ဖိတ်ခဲ့ကြောင်း။
**ဇူလိုင် ၂၄ I BRISBANE, The Age II** II မြန်မာစစ်တပ်အမိန့်ဖြင့် ကရင်အချင်းချင်းသွေးကွဲစေရန်လုပ်ခဲ့ရကြောင်း မိမိရှေ့တွင် ကရင်များ အရက်စက်ခံရခြင်း၊ မုဒိမ်းကျင့်ခံရခြင်း၊ သတ်ဖြတ်ခံရခြင်းတို့တွေ့ကြုံရပြီးနောက် ထိုအလုပ်ကိုစွန့်လွှတ်ခါ ဒုက္ခသည်စခန်းသို့ဝင်ခဲ့ကြောင်း မိမိကြောင့် လူ ၅၀ ခန့်အသက်ဆုံးရှုံးခဲ့ရကြောင်း ကရင်လူမျိုးကို မွန်းဆာ (၄၄) သည် သတင်းလောကသို့ ဝန်ခံ၏။ တပတ်ခန့်က ကိုထွန်းထွန်းဟန်သည် အလားတူဝန်ခံခဲ့၏။
**ဇူလိုင် ၂၅ I UN NewsCenter II** II ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာအစိုးရဝန်ကြီးတို့တွေ့ဆုံမှုကို ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်းမှ ကြိုဆိုလိုက်ပြီး မြန်မာအစိုးရအား နိုင်ငံရေးအကျဉ်းသားများအား အမြန်ဆုံးလွှတ်ရန် တိုက်တွန်း၏။
**ဇူလိုင် ၂၆ I Security Planet II** II အင်တာနက်တိုက်ခိုက်မှုသည် အချိန်မရွေးမည်သည့်နိုင်ငံမှ မဆို လာနိုင်သော်လည်း မြန်မာသည် လတ်တလော အင်တာနက် စပဲမ်း အများဆုံး(တကမ္ဘာလုံး၏ ၁၃ ရာခိုင်နှုန်း)ပို့သည့် နိုင်ငံဖြစ်နေသည်မှာ ထူးကြောင်း AKAMAI တွေ့ရှိချက်မှဆို၏။
**ဇူလိုင် ၂၆ I Jakarta Globe II** II အာဆီယံ ဒီမိုကရေစီသည် အရေးကြီးသော်လည်း ပထမအရေးကြီးသည်မှာ ကြီးပွားရေးနှင့် စီးပွားရေးခိုင်လုံမှုဟု ယိုဟာနက် စူလေမန်( ကာကွယ်ရေးတက္ကသိုလ်ကထိက) မှ သတင်းဝေဖန်၏။ အာဆီယံ အစည်းအဝေးမှဆို၏။
**ဇူလိုင် ၂၆ I The Guardian II** II ပြင်သစ် ဒါရိုက်တာ Luc Besson ၏ ဒေါ်အောင်ဆန်းစုကြည် ဘဝသရုပ်ဖေါ် TheLady ရုပ်ရှင်ကို ကနေဒါနိုင်ငံ တိုရန်တို ရုပ်ရှင်ပွဲတော်တွင် စတင်ပွဲထုတ်မည်ဟု twitter မှနေ၍ ကြေညာ၏။
**ဇူလိုင် ၂၆ I Irrawaddy II** II ဒေါ်အောင်ဆန်းစုကြည်နှင့် အလုပ်သမားဝန်ကြီးတို့ တွေ့ဆုံမှုကို ဦးအေးသာအောင်၊ ဦးခင်မောင်ဆွေနှင့် ရခိုင်ပါတီမှ ဦးလှစိုးတို့မှ ကောင်းသောလက္ခဏာဟုမြင်ကြောင်း။
**ဇူလိုင် ၂၆ I BKK-AlertNet II** II မြန်မာ၏ နိုင်ငံစီးပွားစနစ်ကို အလွဲသုံးစားမှုများကြောင့် ပတ်ဝန်းကျင်နှင့် အသက်မွေးဝမ်းကြောင်းမှုများကို ပျက်စီးစေပြီး၊ ပြည်တွင်းပဋိပက္ခများကိုဖြစ်စေကြောင်း မြန်မာနိုင်ငံသဘာဝပတ်ဝန်းကျင် အလုပ်အဖွဲ့ Burma Environmental Working Group (BWEG) မှဆို၏။
**ဇူလိုင် ၂၆ I Mizzima II** II ကမာရွတ် ပြည်မြန်မာကုန်တိုက်အား လေလံဖြင့်ရောင်းပြီးချိန်ပိတ်ထားရာ ဆိုင်ခန်းရှင်များဒုက္ခရောက် ငွေဆုံးနေကြောင်း၊
**ဇူလိုင် ၂၆ I Mizzima II** II ဒေါ်အောင်ဆန်းစုကြည်အား အိန္ဒိယသို့ဖိတ်ခေါ်ကမ်းလှမ်းခဲ့သည်ဆိုသည်မှာ မမှန်ကြောင်း ရန်ကုန်ရှိ အိန္ဒိယသံဝန်ထမ်းတဦးမှဆို၏။
**ဇူလိုင် ၂၆ I Mizzima II** II ဩဂုတ်မှစ၍ မြဝတီနှင့်မဲဆောက်အကြား ဒုတိယ တံတားဆောက်လုပ်မည်။
**ဇူလိုင် ၂၆ I DVB II** II မြန်မာပြည် အနောက်ပိုင်း၊ အရှေ့ပိုင်းနှင့် တောင်ပိုင်းတို့တွင် ယခင်အပတ် မိုးကြီး၍ လူသောင်းချီ၍ ထိခိုက်ခဲ့နိုင်ကြောင်း။
**ဇူလိုင် ၂၆ I Irrawaddy II** II မြန်မာတပ်များသည် ရှမ်းပြည်မြောက်ပိုင်းနှင့်တောင်ပိုင်းအကြား ရှမ်းပြည်နယ်တပ် SSA ဌာနချုပ်ရှိရာ ဝမ်းဟိုင်အား စီးရန် အမိကထိုးစစ်တခု စတင်နေ၏။
**ဇူလိုင် ၂၆ I Irrawaddy II** II မဲဆောက်ရှိ မြန်မာအစိုးရအား ဆန့်ကျင်အင်အားစုများအား နှိမ်နင်းရန် မြန်မာမှ ထိုင်းအား ဖိအားပေးကြောင်း ထိုင်းနိုင်ငံ တပ်ခ်ပြည်နယ် တာဝန်ခံမှဆို၏။
**ဇူလိုင် ၂၈ I Mizzima II** II ဒေါ်အောင်ဆန်းစုကြည်သည် သောကြာ၊ စနေ၊ တနင်္ဂနွေတွင် ဆယ်မိုင်ကုန်းရှိ ရွှေတောင်ကုန်းကျောင်းတွင် တရားထိုင်မည်။
**ဇူလိုင် ၂၈ I Irrawaddy II** II ဗိုလ်ချုပ်များဖြစ်သည့် ကျော်ဖြိုး၊ ခင်ဇော်ဦး၊ မြင့်စိုး၊ သန်းထွန်းဦး ခင်မောင်ဌေးနှင့် တင်ငွေတို့အား နေပြည်တော်တွင်အနီးကပ် စစ်ဆေးနေ၏။
**ဇူလိုင် ၂၈ I ZURICH II** II မြန်မာနှင့်အိုမန်နိုင်ငံ ၂၀၁၄ ကမ္ဘာ့ဘောလုံးပွဲ အကြိုခြေစမ်းရွေးပွဲကို မြန်မာတွင်ကျင်းပစဉ် မြန်မာပရိသတ်မှ ရေဘူးများခဲများ ဖြင့်ပေါက်၍ ပွဲသိမ်းလိုက်ရ၏။ မြန်မာသည် အိုမန်သို့ ၄ ဂိုး သုံ့ညဖြင့် ရှုံး၏။
**ဇူလိုင် ၂၈ I IAN II** II မြန်မာသည် ၁၈ နှစ်မှ ၃၀ အထိ မသန်းမစွမ်းသူအလှမယ်ရွေးပွဲ ကျင်းပမည်။

**စာမျက်နှာ ၁၃ သို့**

# သမတဦးသိန်းစိန်အစိုးရလက်ထက် ပတ်ဝန်းကျင် ထိန်းသိမ်းရေး အားနည်း

**VOA ၊ ဇူလိုင် ၂၅ ။ ။** သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အလေးမထားတဲ့ မြန်မာအစိုးရနဲ့ တွဲဖက်ပြီးတော့ နိုင်ငံရပ်ခြားကုမ္ပဏီတွေ နိုင်ငံတွင်းမှာ ရင်းနှီးမြှုပ်နှံမှု မလုပ်ကြဖို့၊ ဒါ့အပြင်လက်ရှိ ရင်းနှီးမြှုပ်နှံမှုရှိပြီးသား ကုမ္ပဏီတွေအနေနဲ့လည်း မြန်မာအစိုးရဘက်က သဘာဝပတ်ဝန်းကျင်နဲ့ လူ့အခွင့်အရေးအပေါ် လေးစားမှုတွေ ရှိလာတဲ့အချိန်အထိ ဆိုင်းငံ့ထားကြဖို့ BEWG ခေါ် မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အလုပ်အဖွဲ့က တောင်းဆိုလိုက်ပါတယ်။ BEWG အဖွဲ့က မြန်မာ့သဘာဝ ပတ်ဝန်းကျင်ဟာ အစိုးရရဲ့ မူဝါဒတွေကြောင့် စိုးရိမ်ဖွယ်ဖြစ်နေတာနဲ့ တိုင်းရင်းသားပြည်သူလူထုအပေါ် ဘယ်လိုရိုက်ခတ်မှုတွေရှိနေတယ်ဆိုတာကို တင်ပြထားတဲ့ မြန်မာ့သဘာဝ ပတ်ဝန်းကျင်၊ ပြည်သူလူထု ပြဿနာများနဲ့ မူဝါဒဆိုတဲ့ အစီရင်ခံစာကို ဒီနေ့ တနင်္လာနေ့မှာ ထုတ်ပြန်ပြောဆိုလိုက်တာပါ။ အပြည့်အစုံကို ဒေါ်ခင်မျိုးသက်က တင်ပြပေးထားပါတယ်။

မြန်မာနိုင်ငံရဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့လူမှုရေး ပြဿနာတွေကို စောင့်ကြည့်လေ့လာနေတဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေ စုပေါင်းပြီး ဖွဲ့စည်းထားတာပါ။ မြန်မာနိုင်ငံမှာ အစိုးရသစ်တက်လာခဲ့ပေမဲ့ အရင်စစ်အစိုးရ လက်ထက်ကလိုပဲ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒသာရှိပြီး ဥပဒေထုတ်ပြန် လက်တွေ့ကျင့်သုံးတာမျိုး မရှိတဲ့အတွက် လူထုအတွက်ရော၊ သဘာဝပတ်ဝန်းကျင်အတွက်ပါ စိုးရိမ်ရတယ်လို့ BEWG အဖွဲ့တာဝန်ခံ ကိုပေါ်စိန်ထွားက ပြောပါတယ်။

"Environment Policy လောက်ပဲရှိတယ်။ လော (Law) တော့ မရှိသေးဘူး။ အကြမ်းအားဖြင့်တော့ Draft လုပ်ထားတာရှိတယ်။ဒါပေမဲ့ Approve မလုပ်သေးဘူး။ အဲဒါကြောင့် အစိုးရသစ်တက်ပြီးတဲ့နောက်မှာ ဒီလောတွေကို Approve လုပ်မလား၊ မလုပ်ဘူးလား၊ အခုထိ ကျနော်တို့ ဘာမှမမြင်သေးဘူး။ ရင်းနှီးမြှုပ်နှံမှုတွေက အများကြီးဝင်နေပြီ အခု။ Environment Law တွေ မရှိဘူးဆိုရင် ကျနော်တို့ စိုးရိမ်တာက ပြည်သူလူထုနဲ့ Environment ကို ဘယ်လို Protect လုပ်မလဲပေါ့။"

မြန်မာနိုင်ငံမှာ တနှစ်အတွင်း နိုင်ငံရပ်ခြားရင်းနှီးမြှုပ်နှံမှုဟာ အမေရိကန်ဒေါ်လာ သန်း ၂၀,၀၀၀ ကျော် ရှိလာခဲ့ပြီး အထူးသဖြင့် ရေနံနဲ့ သဘာဝဓာတ်ငွေ့၊ သတ္တုတူးဖော်ရေးနဲ့ ရေအားလျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်းတွေမှာ လာရောက်ပြီး ရင်းနှီးမြှုပ်နှံကြတာပါ။ ဒီလို ရင်းနှီးမြှုပ်နှံမှုတွေအတွက် စီမံကိန်းတွေချပြီး အကောင်အထည်ဖော်လုပ်ဆောင်တဲ့နေရာတွေဟာ အများအားဖြင့် တိုင်းရင်းသားတွေနေထိုင်ရာ ဒေသတွေမှာ တွေ့ရပါတယ်။

ဒါပေမဲ့ အစိုးရရဲ့ ဒီစီမံကိန်းတွေကနေ တိုင်းရင်းသားဒေသ ဖွံ့ဖြိုးတိုးတက်ဖို့ထက် အာဏာပိုင်တွေနဲ့ ဆက်နွယ်နေသူတွေ၊ လာရောက်ရင်းနှီးကြတဲ့ နိုင်ငံရပ်ခြားကုမ္ပဏီတွေ အတွက်ပဲ အကျိုးရှိပြီး ဒေသခံတွေကတော့ ဒီစီမံကိန်းတွေလုပ်ဖို့အတွက် အတင်းအဓမ္မမြေယာအသိမ်းခံရတာမျိုးရှိသလို လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေ၊ ပြည်တွင်းအိုးအိမ်ရွှေ့ပြောင်း နေထိုင်ရတဲ့ IDP တွေ ဖြစ်ကုန်ကြတဲ့အပြင် ပြည်ပကို ထွက်ပြေး တိမ်းရှောင်လာရတာမျိုးပါရှိလာတာပါ။

ဒါ့အပြင် ကချင်လက်နက်ကိုင်အဖွဲ့နဲ့ လက်ရှိဖြစ်ပွားနေတဲ့ တိုက်ပွဲတွေဟာလည်း အစိုးရ စစ်တပ်တွေက ကချင်ပြည်နယ်အတွင်း တာပိန်ရေကာတာကို အကာအကွယ်ပေးဖို့ ကြိုးစားရာကနေ စတင်ခဲ့တာဖြစ်ပါတယ်။ အာဏာပိုင်တွေဘက်က ကချင်ပြည်နယ်ထဲမှာမြစ်ဆုံရေကာတာအတွက် တရုတ်အစိုးရကို ဆောက်လုပ်ခွင့်ပေးလိုက်တာဟာ ကချင်ဘိုးဘွားအမွေအနှစ်တွေကို ဆုံးရှုံးစေရုံတင်မကဘဲ မြန်မာနိုင်ငံရဲ့အသက်သွေးကြောဖြစ်တဲ့ ဧရာဝတီမြစ်ကို အဓိကပိတ်ဆို့လိုက်သလိုဖြစ်နေတယ်လို့လည်း KDNG ကချင်ဖွံ့ဖြိုးရေး ကွန်ရက်ကကိုနော်လာက ထောက်ပြခဲ့ပါတယ်။

"မြစ်ဆုံရေကာတာဟာ ကချင်ပြည်နယ် တခုတည်းရဲ့ ပြဿနာ မဟုတ်၊ မြန်မာပြည် တပြည်လုံးရဲ့ပြဿနာဖြစ်နေတယ်။ အဓိကဆန်အိုးကြီးဖြစ်နေတဲ့ ဧရာဝတီမြစ်ဝကျွန်းပေါ်အထိ စီးဆင်းတဲ့ဧရာဝတီမြစ်ပေါ့၊ မြန်မာပြည်ရဲ့ လူဦးရေ တဝက်လောက်ဟာ ဧရာဝတီမြစ်ကို မှီခိုပြီးမှလုပ်ကိုင်စားသောက်ရတာ။ ဒီမြစ်ဆုံရေကာတာ ဆောက်လိုက်ရင် ထိခိုက်မှုတွေဟာ ပိုဆိုးတယ်။ ဒါဟာဆိုရင် လုံးဝကို မဆုံးရှုံးအောင်ထားသင့်တဲ့အရာ။ တရုတ်ကနေပြီးတော့ ဒါတွေကို စဉ်းစားသင့်တယ်။ ပိုဆိုးတာက တရုတ်ဟာဆိုရင် သူတို့ရဲ့ Environment ကို လုပ်တယ်။ ပညာရှင်တွေကထောက်ပြတယ်။ မဆောက်ဖို့ ကန့်ကွက်တယ်။ အဲဒီကြားထဲကနေ ဒါတွေကို လျစ်လျူရှုပြီးဆောက်တယ်။ ဒါဟာလုံးဝမဖြစ်သင့်တဲ့ဟာပေါ့။"

နယ်စပ်ကျော်ဖြတ်ဖြစ်ပွားတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာမှုတွေလုပ်နေတဲ့ ထိုင်းအခြေစိုက် Living River Siam လူ့အခွင့်အရေးအဖွဲ့က မစ်စ်ပီယန်ပွန်းဒီဒွေစ်ကတော့ ...

"မြန်မာနိုင်ငံမှာအခုလိုသဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်နေတာဟာ တရုတ်၊ ထိုင်းအပြင် အိန္ဒိယနိုင်ငံတွေကိုပါထိခိုက်စေတယ်ဆိုတာ အဲဒီနိုင်ငံတွေက လူတွေကို သိစေချင်ပါတယ်။ သူတို့နိုင်ငံက ကုမ္ပဏီတွေ မြန်မာနိုင်ငံထဲမှာ လာပြီး ရင်းနှီးမြှုပ်နှံကြတာဟာ မြန်မာနိုင်ငံ တနိုင်ငံတည်းအတွက်သာ ဆိုးကျိုးကိုဖြစ်စေတာမဟုတ်ဘဲ နယ်မြေကျော်ဖြတ်ပြီး သူတို့နိုင်ငံတွေထဲမှာလည်း လူမှုရေးဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဒဏ်တွေကိုခံရတယ်ဆိုတာကိုသိစေချင်ပါတယ်။" လို့ ပြောသွားပါတယ်။

ဒါကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အလေးမထားတဲ့ မြန်မာအစိုးရနဲ့ပူးတွဲပြီး အလုပ်မလုပ်ကြဖို့၊ ပြည်တွင်းမှာ အခုလက်ရှိ ရင်းနှီးမြှုပ်နှံထားတဲ့ ကုမ္ပဏီတွေ အနေနဲ့လည်းမြန်မာအစိုးရဘက်က သဘာဝပတ်ဝန်းကျင်နဲ့ လူ့အခွင့်အရေးဆိုင်ရာ လေးစားမှုတွေရှိလာတဲ့အထိ ဆိုင်းငံ့ထားဖို့အတွက် BEWG အဖွဲ့ကပြောကြားခဲ့ပါတယ်။



# သတင်းတိုထွာဖတ်စရာ

## လာရောက်ရင်းနှီးရန် ကမ်းလှမ်း

မြန်မာနိုင်ငံတွင်း ရေနံနဲ့ သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးမှာ ပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသူများကို လာရောက်ရင်းနှီးလုပ်ကိုင်ကြဖို့ အစိုးရသစ်မှကမ်းလှမ်းလိုက်ပါတယ်။ သယံဇာတပေါများလှတဲ့ မြန်မာနိုင်ငံမှ သဘာဝအရင်းအမြစ်များမှာ ရင်းနှီးမြှုပ်နှံထားသူတွေကတော့ Australia, Britain, Canada, China, Indonesia, India, South Korea, Malaysia, Russia, Singapore, Thailand and Vietnam စတဲ့နိုင်ငံများမှဖြစ်ပြီး လုပ်ငန်းခွင် စုစုပေါင်း ၁၄၀ မှာ ရင်းနှီးငွေ အမေရိကန်ဒေါ်လာ ဘီလျံ ၁၃.၈၁၅ ရှိကြောင်း ၂၀၁၁ မတ်လထုတ် စာရင်းအင်းဌာနရဲ့ စာရင်းများအရသိရပါတယ်။ (Bernama 25 July,2011)

## ကမ္ဘာရဲ့ မူလအစပ ထမ

မြန်မာနိုင်ငံမှရှေးအကျဆုံးသော ကျောက်ဖြစ်ရုပ်ကြွင်းကို ၁၉၇၉ ခုနှစ်က မြိုင်မြို့နယ် ပုံတောင်မှတွေ့ရှိခဲ့ပြီး သိပ္ပံဓာတ်ခွဲစမ်းသမ်းချက်အရ နှစ်ပေါင်းသန်း၄၀ သက်တမ်းရှိကြောင်း သတင်းနဲ့ယဉ်ကျေးမှုဝန်ကြီးဦးကျော်ဆန်းမှပြည်တွင်းသတင်းများကိုပြောပါတယ်။အပြည်ပြည်ဆိုင်ရာလေ့လာစမ်းသပ်ချက်တွေအရ အာဖရိကမှတွေ့ရှိထားတဲ့ သက်တမ်း ၃၃ သန်းရှိ ကျော်ဖြစ်ရုပ်ကြွင်းထက် သက်တမ်းရင့်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် မြန်မာဟာ ကမ္ဘာရဲ့ မူလအစပ ထမလို့ ကမ္ဘာ့ပညာရှင်များက အသိအမှတ်ပြုလိုက်ပါတယ်။ (Monsters and Critics 25 July,2011)

## မျက်ကမ်းမျိုးချစ်ဝါဒီ ဗိုလ်ချုပ်များ

မြန်မာနိုင်ငံသည် ၁၉၆၂ ခုနှစ်စလို့ စစ်တပ်က အာဏာသိမ်းအုပ်ချုပ်လာခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါတယ်။ အသိပညာခေါင်းပါး အရည်အချင်းကမရှိ၊ အုပ်ချုပ်မှုညံ့ဖျင်းလွန်းတာကြောင့် တချိန်က အာရှဒေသမှာ အချမ်းသာဆုံးနိုင်ငံဟာ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဖြစ်သွားပါတယ်။ စစ်ဗိုလ်ထိပ်ပိုင်းခေါင်းဆောင်တွေဟာ နိုင်ငံခြားသားကြောက်တဲ့ရောဂါ၊ မျက်ကမ်းမျိုးချစ်ဝါဒီတွေ အစွန်းရောက်အမျိုးသားရေးဝါဒီတွေဖြစ်နေတာကြောင့် တိုင်းပြည်ဟာ ကမ္ဘာ့တိုးတက်မှုရေစီကြောင်းရဲ့ ဆိုးကျိုးကောင်းကျိုးကို မခံစားနိုင်ရှာပဲ အထီးကျန်ဘဝနဲ့ ကမ္ဘာ့အပြင်ဘက်ကိုရောက်နေပြီး လူထုဟာ လက်နက်နဲ့ အဓိမ္မအနိုင်ကျင့်ခံနေကြရတာပါ။ (VOB 24 July,2011)

## တရားဝင်ငွေလဲနှုန်း

အမေရိကန်တဒေါ်လာကို ၆ ကျပ်နှုန်းနဲ့ ၁၉၇၅ ခုနှစ်ကစပြီး လဲလှယ်နှုန်းသတ်မှတ်ခဲ့တာ ယနေ့အထိပါ။ ခေတ်သစ်စီးပွားရေးစနစ်နဲ့မကိုက်ညီတော့တာကြောင့် ဒီငွေလဲနှုန်းကို လက်ရှိပြင်ပြပေါက်ဈေးတဒေါ်လာ ၇၈၀ ကျပ်ကနေ ၁၀၀၀ ကျပ်ဝန်းကျင်ရှိတဲ့ဈေးနဲ့လိုက်လျောညီထွေဖြစ်မယ့် တရားဝင်ငွေလဲနှုန်းကို အစိုးရသစ်က ပြင်ဆင်သတ်မှတ်ပေးတော့မယ်လို့ဆိုပါတယ်။ တိုင်းပြည်အနာဂတ်စီးပွားရေးအတွက်ကောင်းတဲ့ ရည်ရွယ်ချက်ဟုဆိုရပါမယ်၊ Voice of Burma မှ ကြိုဆိုပါတယ်။ (VOB 30 July,2011)

## သန့်ရှင်းသောအစိုးရရဲ့သားကောင်

သန့်ရှင်းသောအစိုးရလုပ်နေပါတယ်ဆိုတဲ့ သမတဦးသိန်းစိန်ကစစ်ဆင်ရေးအထူးအဖွဲ့မှူး ဗိုလ်ချုပ်တင်ငွေကို ရာထူးမှ ထုတ်ပစ်လိုက်ပါတယ်။ ဗိုလ်ချုပ်တင်ငွေဟာ အလယ်ပိုင်းတိုင်းမှူးဖြစ်စဉ် မန္တလေးမြို့ အောင်ပင်လယ်မြေယာကိစ္စအရှုတ်တော်ပုံမှာ ပါဝက်ပတ်သက်နေလို့ဟုဆိုပါတယ်။ တပ်ချုပ်ကြီးနဲ့ ဗိုလ်ချုပ်မောင်အေးတို့ရဲ့ လူယုံလို့သူသိများတဲ့ ဗိုလ်ချုပ်တင်ငွေဟာ သမတဦးသိန်းစိန်ရဲ့ သန့်ရှင်းသောအစိုးရဖြစ်ရေးလမ်းစဉ်မှာ သားကောင်းဖြစ်သွားရှာလေသတည်း။ (Mizzima 27 July,2011)

## အာဏာလွန်ဆွဲပွဲ အက်ကြောင်းကြီးမား

တပ်တွင်းမိသားစု စားနပ်ရိက္ခာဖြတ်တောက်ခံရမှု၊ တိုင်းရင်းသားဒေသရှေ့တန်းစစ်မျက်နှာအခြေအနေတွေကြောင့် စစ်ဖက်ထိပ်ပိုင်းခေါင်းဆောင်များ သဘောထားမတိုက်ဆိုင်မှုများ အကြီးအကျယ်ဖြစ်ပေါ်နေကြောင်း နီးစပ်သူများအဆိုအရသိရပါတယ်။ သမတဦးသိန်းစိန်ကတဘက်၊ ရှစ်လုံးလို့နာမည်ကြီးတဲ့ တင်အောင်မြင့်ဦးနဲ့ စစ်ဦးချုပ် ဗိုလ်ချုပ်မင်းအောင်လှိုင်တို့အုပ်စုက တဘက်ဆိုပြီး အာဏာလွန်ဆွဲပွဲ မြန်မာနိုင်တွင်းဖြစ်ပေါ်နေတဲ့အတွက် တိုင်းပြည်ရဲ့အနာဂါတ်ကံကြမ္မာကို အထူးစိုးရိမ်မိတယ်လို့ သုံးသပ်ဝေဖန်သူတွေလည်း ရှိနေပါတယ်။ ပညာရှိတယောက်နဲ့ လူမိုက်တအုပ်အားပြိုင်မှုအတွင်း ပြည်သူလူထုက မြေဇာပင်မဖြစ်ဖို့လိုပါတယ်။ (VOB 28 July,2011)

## ဒေါ်စုဓာတ်ပုံ ဖော်ပြခွင့်ရ

ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးအောင်ကြည်တို့ဆွေ့ဆုံတဲ့ သတင်းဓာတ်ပုံကို ပြည်တွင်းထုတ်ဂျာနယ်တွေ အတော်များများမှာ ထည့်သွင်းဖော်ပြခွင့်ပြုပါတယ်။ ဒေါ်အောင်ဆန်းစုကြည် အာဇာနည်နေ့ တက်ရောက်တဲ့သတင်းဓာတ်ပုံကို ဂျာနယ်တွေမှာ စတင်ဖော်ပြခွင့်ပြုခဲ့တာပါ။ လူထု အင်မတန်ဝမ်းမြောက်စေမယ့်အရာဖြစ်တဲ့အတွက် ကြိုဆိုပါတယ်။ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ရဲ့ဓာတ်ပုံတွေကို ဂျာနယ်တွေမှာ ဖော်ပြခွင့်ပြုလိုက် မထင်ရင် မထင်သလိုပိတ်လိုက် မလုပ်သင့်ပါဘူး၊ လွတ်လွတ်လပ်လပ်နဲ့ အမြဲတန်းခွင့်ပြုထားဖို့လိုအပ်ပါတယ်။ (DVB 26 July,2011)

## ကိုရွှေဗမာတွေ အများကြီးလိုသေးသည်

ရန်ကုန်မှာကျင်းပတဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် မြန်မာနဲ့အိုမန်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ အိုမန်က အသာစီးရတာကို မကျေနပ်တဲ့ ကိုရွှေ ဗမာပရိသတ်က ဇာတိပြပါတော့တယ်။ ခဲတွေ ရေသန့်ဘူးခွံတွေ ဖိနပ်စုတ်တွေနဲ့ပိုင်းဝန်းပစ်ပေါက်ခဲ့ကြလို့ ကမ္ဘာ့ဖလားအဖွဲ့ချုပ် FIFA က မြန်မာကိုအရေးယူစုံစမ်းစစ်ဆေးပါတော့မယ်။ တိုင်းပြည်ဂုဏ်သိက္ခာ၊ လူမျိုးဂုဏ်ကိုမှ မစောင့်ထိန်းနိုင်တဲ့ ကိုရွှေဗမာတွေဟာ ယဉ်ကျေးတဲ့ ကမ္ဘာ့မိသားစုအသိုင်းအဝိုင်းကိုဝင်ဆန့်နိုင်ဖို့ အတော်လေး ဝေးနေပါသေးလားလို့တွေးမိပါတယ်။ ပွဲရပ်လိုက်ရပေမယ့် FIFA က ၂ ဂိုးအသာစီးရထားတဲ့ အိုမန်အသင်းကို အနိုင်ပေးလိုက်ပါတယ်။ (AP 26 July,2011)

# လွှတ်တော်အတွင်း အတိုက်အခံကို အားဖြည့်ဖို့ NDF ဝင်ပြိုင်ဟုဆို

**Mizzima ၊ ဂျူလိုင် ၂၆ ။** ။ လွှတ်တော်တွင်း ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ ဝင် အမတ်မဟုတ်သည့် အင်အားစုက အရေအတွက် နည်းနေသည့် အတွက် ကြားဖြတ်ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရခြင်းဖြစ်သည် ဟု အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ NDF က ပြောဆိုသည်။ ပြီး ခဲ့သည့် ၂၀၁၀ ရွေးကောက်ပွဲတွင် ကြံ့ခိုင်ရေးပါတီက မဲဆန္ဒနယ် ၁၁၅၄ တွင် ၈၈၂ နေရာ အနိုင်ရရှိခဲ့ကာ အခြားပါတီများက ၂၇၂ နေရာ သာ အနိုင်ရရှိခဲ့သည့် အရေအတွက်ကို ရည်ညွှန်းပြောဆိုခြင်းဖြစ်သည်။

"ဝင်ပြိုင်မယ့်သူကတော့ ရှိတဲ့နေရာလောက်ပဲ ဝင်ပြိုင်လို့ရမှာ ပေါ့ဗျာ။ ကြားဖြတ် ရွေးကောက်ပွဲဆိုတာ ထုံးစံအတိုင်းလူနည်း နည်း ပါးပါးပဲရှိတာပဲလေ။ ဟိုမှာက ရထားတာက ဒီမိုကရေစီအင်အားစုက တော်တော် နည်းနေတယ်ဗျ။ နည်းနေတော့ သူတို့အနေနဲ့ ထပ်ပြီးတော့ အားဖြည့်တဲ့ သဘောပေါ့နော်" ဟု ပါတီဥက္ကဋ္ဌ ဒေါက်တာသန်းငြိမ်းက မဇ္ဈိမကို ပြောသည်။

ကြားဖြတ် ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်မြေ ၄၀ ရှိသော်လည်း အရေအတွက် မည်မျှဝင်ပြိုင်မည်ကို NDF က မဆုံးဖြတ်ရသေးပေ။ ဒီမို ကရက်တစ်ပါတီ (မြန်မာ)အထွေထွေအတွင်းရေးမှူးဒေါ်ချိုချိုကျော်ငြိမ်း ကတော့ ပါတီအနေဖြင့် နှစ်နေရာဝင်ပြိုင်ရန် ရည်ရွယ်ထားပြီးဦးသုဝေ နှင့် ဒေါ်နေရီဗဆွေတို့ ဖြစ်မည်ဟု ဆိုသည်။

အစိုးရအဖွဲ့ထဲ ရောက်သွား၍ လစ်လပ်သွားသည့် နေရာများ အတွက် ရွေးချယ်သော ကြားဖြတ်ရွေးကောက်ပွဲ၌ အမျိုးသား ဒီမိုက ရေစီ အင်အားစုများ NDF ၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ) DPM၊ ဒီမိုက ရေစီနှင့် ငြိမ်းချမ်းရေးပါတီ၊ ပြည်ထောင်စု ဒီမိုကရေစီပါတီနှင့် ကရင်၊ ရှမ်း၊ မွန်၊ ချင်း၊ ရခိုင် စသည့် တိုင်းရင်းသားပါတီ ၁၀ ပါတီမှ မဲဆန္ဒနယ် ၄၀ တွင် ဝင်ပြိုင်ရန် ဇူလိုင် ၁၈ ရက်တွင် စာရင်းသွင်းခဲ့ကြောင်း "ဒီမိုက ရေစီ မိတ်ဆွေများ ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းကော်မတီ" ထံမှ သိရသည်။

ရှမ်းတိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေး ပါတီကတော့ ၁၅ နေရာခန့် ယှဉ်ပြိုင်ရန် စီစဉ်ထားကြောင်းနှင့် နေရာ မထပ်အောင် NDF နှင့် ညှိနှိုင်းသွားမည်ဟု ပါတီ အထွေထွေ အတွင်းရေးမှူး စိုင်းလှကျော်က ပြောသည်။ ၂၀၁၀ ရွေးကောက်ပွဲတွင် မဲမသမာမှုများ ရှိသည့်အတွက် ယခုအကြိမ်တွင် မိမိဝင်မပြိုင်သည့် ဒေသများတွင်လည်း အခြားပါတီ များအတွက် မဲရုံ ကိုယ်စားလှယ်ထားခြင်း၊ စောင့်ကြည့်ခြင်းများ ပြုလုပ် သွားမည် မိတ်ဆွေများပါတီ အဖွဲ့က ဆိုသည်။

"ကိုယ့်အင်အားကော၊ သူ့အင်အားကော စုပေါင်းပြီးတော့နီးလာ တဲ့အခါ အသေးစိတ်တွက်ချက်ပြီး လုပ်ကြရမှာပေါ့" ဟု ဒေါက်တာ သန်းငြိမ်းက ပြောသည်။ နေပြည်တော်တွင် ဇူလိုင်လ ၂၇ နေ့၌ ပြုလုပ် မည့် ရွေးကောက်ပွဲကော်မရှင်နှင့် ပါတီများ ဆွေးနွေးပွဲတွင်လည်းယခု ကိစ္စကို တင်ပြသွားရန် ရှိသည်။

၂၀၁၀ ရွေးကောက်ပွဲများ၌ မဲခိုး မဲလိမ်မှုများ နေရာအနှံ့အပြား တွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ခဲ့သည်ဟု သတင်းထွက်ပေါ်ခဲ့သော် လည်း ရွေးကောက်ပွဲကော်မရှင်သို့ တိုင်ကြားသည့် အမှုပေါင်းမှာ ၃၀ သာရှိခဲ့သည်။ ၎င်းတို့အနက် အာဏာရ ကြံ့ခိုင်ရေးပါတီက တိုင်ကြား ခဲ့သည့် အမှုမှာ ၂၇ မှု ဖြစ်သည်။

"အန်တီကတော့ လုံးဝ မဝင်တော့ဘူး။ လုံးဝ အယုံအကြည်မ ရှိလို့။ လုံးဝ အယုံအကြည်မရှိဘူး။ ပြည်သူနဲ့ တိုင်းပြည်အတွက်ကို လူ တွေထဲ ဝင်မှ လုပ်လို့ရမယ်ဆိုပြီးတော့ အန်တီက ဝင်တာ။ ပက်ပက် စက် စက်ခံလိုက်ရတယ်။ အဲဒါကြောင့် အယုံအကြည်မရှိဘူး။ မဝင် တော့ဘူး။" ဟု ဒေါ်ချိုချိုကျော်ငြိမ်းက ဆိုသည်။

သို့သော်လည်း ဒေါက်တာသန်းငြိမ်းကတော့ "၂၀၁၀ ရွေး ကောက်ပွဲတုန်းတို့က ကျနော်တို့တော်တော်ကို မဆီလျော်တာတွေကြုံ ရတယ်လေ။ ကျနော်တို့ထဲမှာ မဖြစ်သင့်တာတွေဖြစ်ကြရတယ်။ ဆိုတာ က မရှုံးသင့်ဘဲ ရှုံးနိမ့်တဲ့နေရာတွေရှိတယ်လို့တောင် ပြောလို့ရတဲ့နေရာ တွေရှိပါတယ်။ ဆိုတော့ ဒါတွေက ပြီးသွားပြီဆိုတော့ ထားပေါ့ဗျာ။ သို့သော်လည်းပဲ လာမယ့်ရွေးကောက်ပွဲဆိုရင်တော့ အခုက အစိုးရက လည်း အစိုးရသစ်ဗျာ" ဟု ပြောဆိုသည်။

ရှမ်းပါတီမှ စိုင်းအုန်းကျော်က "ကျနော်တို့ကတော့ သန့်သန့်ရှင်း ရှင်းနဲ့အားလုံး လက်ခံတဲ့ရွေးကောက်ပွဲ ပုံစံမျိုးဖြစ်ရင်တော့ အားလုံး အတွက်လည်း ကောင်းတာပေါ့ဗျာ။ ပြောစရာ၊ ဆိုစရာလည်း မရှိဘူး ဆိုတော့ ပိုပြီးတော့မှ အဆင်ပြေတာပေါ့။ ကျနော် အဲဒီလိုပဲ လိုလား ပါတယ်" ဟု ပြောသည်။

---

# လွှတ်တော်အထူးအစည်းအဝေးခေါ်

**RFA ၊ ဂျူလိုင် ၂၆ ။** ။ ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး ကို လာမယ့် ဩဂုတ်လ နောက်ဆုံးပတ်မှာ ပြန်လည်ခေါ်ယူဖို့ စီစဉ်နေ တယ်လို့ အမည်မဖော်လိုတဲ့ အမျိုးသားလွှတ်တော် အမတ်တဦးက RFA ကို ဒီကနေ့ ပြောကြား ပါတယ်။

ပထမအကြိမ် လွှတ်တော်ကို အခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့ ကနေ မတ်လ ၃၀ ရက်နေ့ အထိကျင်းပခဲ့ပြီး၊ အခုတကြိမ် ခေါ်ယူမယ့် လွှတ်တော်ဟာ အထူးအစည်းအဝေးဖြစ်တဲ့အတွက် လွှတ်တော် အ မတ်တွေကို ၁၅ ရက် ကြိုတင် ဖိတ်ကြားရမှာဖြစ်ပါတယ်။

လာမယ့် လွှတ်တော်မှာ ကျေးရွာ၊ မြို့နယ်၊ ခရိုင် အဆင့်အုပ်ချုပ် ရေးမှူး ရာထူး ခန့်အပ်ရေးဆိုင်ရာ ဥပဒေမူကြမ်းကို အဓိက ဆွေးနွေး ဖွယ်ရှိတယ်လို့ လွှတ်တော် အမတ်တဦးက ပြောပါတယ်။

ဒီအတောအတွင်း ၂၀၁၀ ရွေးကောက်ပွဲ အားနည်းချက်တွေနဲ့ လာမည့် ရွေးကောက်ပွဲတွေအတွက် အကြံပြုချက် ပါဝင်တဲ့ စာတမ်း တစောင်ကို ဒီမိုကရေစီမိတ်ဆွေပါတီများ အဖွဲ့ဝင် ၉ ပါတီက ခေါင်း ဆောင်တွေစုပေါင်းပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ထံ ဒီကနေ့ ပေးပို့လိုက်တယ်လို့ ပြည်ထောင်စု ဒီမိုကရေစီပါတီဥက္ကဋ္ဌ ဦးသိန်းတင်အောင်က ပြောပါတယ်။

လာမည့် ရွေးကောက်ပွဲမှာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မ ရှင်အနေနဲ့ ရွေးကောက်ပွဲ ဥပဒေတွေကို အဆင့်ဆင့်မှာ အဓိကလိုက် နာနိုင်အောင် ဖြစ်ကြောင်း သူက ပြောပါတယ်။

မနက်ဖြန်မှာတော့ တည်ဆဲ နိုင်ငံရေးပါတီ ၃၇ ဦးက ခေါင်း ဆောင်တွေနဲ့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် တာဝန်ရှိသူတွေ နေပြည်တော်မှာ ပထမဆုံးအကြိမ်တွေ့ဆုံဖို့ ရှိတယ်လို့ သိရပါတယ်။

# ချင်းပြည်နယ်အတွင်းက သစ်များကို မဆိုင်သူတွေက ခိုးထုတ်ယူနေ

**RFA ၊ ဂျူလိုင် ၂၆ ။** ။ ချင်းပြည်နယ်အတွင်းက သစ်တောတွေကိုပြည်နယ်ချင်း ကပ်နေတဲ့ တိုင်းနဲ့ ပြည်နယ်တွေကနေ ထုတ်ယူနေတယ်လို့ ချင်းတိုးတက်ရေးပါတီ CPP ဒီကနေ့ပြောပါတယ်။ ချင်းပြည်နယ်အတွင်း သစ်ထုတ်လုပ်ရေးနဲ့ ပတ်သက်လို့ ဒေသဆိုင်ရာ ပါတီဝင်တွေနဲ့အတူ လေ့လာစုံစမ်းပြီး ဒီကနေ့ပဲ ရန်ကုန်မြို့ကိုပြန်ရောက်လာတဲ့ CPP ပါတီရဲ့ တွဲဖက်အထွေထွေအတွင်းရေးမှူး ပူးလျှံန်း(ရဲ)ထွန်းကနေ ပြောလိုက်တာပါ။

အဲဒီလို ချင်းပြည်နယ်ကပိုင်ဆိုင်တဲ့ သစ်တောတွေကို ပြည်နယ်အစိုးရရဲ့ စီမံခန့်ခွဲမှုအောက်ကို ရောက်ရှိအောင် သူတို့ ပါတီက ကြိုးစားသွားမယ်လို့ ပူးလျှံန်း(ရဲ)ထွန်း RFA ကို ပြောပါတယ်။

"ကျနော်တို့ CPP အနေနဲ့ ကွင်းဆင်းလေ့လာပြီးတော့မှ တွေ့ထားတာ ဘာဖြစ်လဲ ဆိုတော့ ဒီသစ်တောနဲ့ ပတ်သက်လို့ရှိရင် မင်းတပ်နဲ့ကန်ပက်လက်ခရိုင်မှာထွက်တဲ့ သစ်တွေက မကွေးတိုင်းကဘက်ဂျက်ကိုသွားတယ်။ ဂန့်ဂေါခရိုင် သစ်ထုတ်လုပ်ရေးနာမည်နဲ့ ထုတ်ထားတဲ့ မတူပီခရိုင်မှာ ထုတ်တဲ့ဟာကလည်း မကွေးတိုင်းရဲ့ ဘက်ဂျက်ထဲမှာ စီးဝင်သွားတယ်။ ပလက်ဝ ဒေသကထွက်တဲ့ သစ်တွေကစစ်တွေရဲ့ ဘက်ဂျက်ထဲကို စီးသွားတဲ့အခါမှာ အဲဒီဟာတွေကို ဒီချင်းပြည်နယ်အစိုးရကို ပြန်လွှဲနိုင်ဖို့အတွက် ကျနော်တို့ အခု ခရီးသွားပြီးလေ့လာနေတယ်"

ချင်းတိုးတက်ရေးပါတီ CPP က အမတ်တဦးကို ချင်းပြည်နယ်အစိုးရမှာ သစ်တောဝန်ကြီးအဖြစ် ခန့်အပ်ထားပေမဲ့ လက်ရှိအတိုင်းလုပ်ပိုင်ခွင့်ဘာမှမရှိရင် ရာထူးကနေ နုတ်ထွက်မယ်လို့လည်း ပါတီ တွဲဖက်အတွင်းရေးမှူး ပူးလျှံန်း(ရဲ)ထွန်း က RFA ကို ပြောပါတယ်။

"CPP အနေနဲ့က လက်ရှိသစ်တောဝန်ကြီးနေရာတော့ ရတယ်ပေါ့။ ကျနော်တို့ ဝန်ကြီးဦးကျော်ငြိမ်းက သစ်တောနဲ့သတ္တုဒီလိုလုပ်ပိုင်ခွင့်တွေ ဘာတခုမှမရှိဘူးဆိုလို့ရှိရင်တော့ ကျနော်တို့ ပါတီအနေနဲ့ကတော့ ဝန်ကြီးဆိုတဲ့ရာထူးကိုလည်းမမက်ပါဘူး။ ဒီရာထူးကို စွန့်ဖို့ဆိုတာလည်း ကျနော်တို့အတွက်မခဲယဉ်းပါဘူး။ ဒါကတော်တော်လေးစဉ်းစားရမယ့် အပိုင်းမှာဖြစ်သွားပြီ။ ချင်းပြည်နယ်ဒေသက ထွက်ရှိတဲ့သစ်တောတွေကိုချင်းပြည်နယ်အစိုးရထဲကို ဘက်ဂျက်စီးဆင်းနိုင်အောင် ကျနော်တို့ လုပ်ပိုင်ခွင့်ဘာမှမရှိဘူးဆိုလို့ရှိရင်တော့ ကျနော်တို့ CPP ပါတီအနေနဲ့ နုတ်ထွက်ဖို့ဝန်မလေးပါဘူး။ အတတ်နိုင်ဆုံးတော့ ပြည်နယ်မှာလည်းတင်မယ်။ ပြည်ထောင်စုလွှတ်တော် မှာလည်းတင်ပြီး တောင်းဆိုရမှာပေါ့နော်။ အဓိကကတော့ချင်းပြည်နယ် ပြည်နယ်ဝန်ကြီးချုပ်ကိုယ်တိုင်ကလည်း ဒါကိုမြင်ပြီး တောင်းဖို့လိုပါတယ်။ ဒီသစ်တောတွေကို ကျနော်တို့ကိုပြန်လွှဲမယ်။ ချင်းပြည်နယ်အစိုးရထဲ ဘက်ဂျက်ပြန်ပေးမယ်ဆိုလို့ရှိရင် ကျနော်တို့ ပြည်ထောင်စု အစိုးရတောင်မှီခိုစရာမလိုပါဘူး ကိုယ့်ဘာသာကိုယ် stand လုပ်လို့ရပါတယ်"

ပြီးခဲ့တဲ့ ၂၀၁၀-ရွေးကောက်ပွဲမှာ ချင်းတိုးတက်ရေးပါတီ CPP က ချင်းပြည်နယ်ကနေအမတ်နေရာ ၁၁-နေရာနဲ့ စစ်ကိုင်းတိုင်းမှာ အမတ်-၁-ဦး ရွေးချယ်ခံခဲ့ရပါတယ်။ ကြံ့ခိုင်ရေးနဲ့ စစ်တပ်က ကြီးစိုးနေတဲ့ ချင်းပြည်နယ်အစိုးရထဲမှာ ချင်းပါတီ (၂)ခုကနေ ခန့်အပ်ထားတဲ့ ဝန်ကြီး(၂)ဦးဟာ ဘာမှလုပ်ပိုင်ခွင့်မရှိတဲ့အပြင် ခွဲခြားဆက်ဆံတာပါ ခံနေရတယ်ဆိုတဲ့အကြောင်း ချင်းတိုးတက်ရေးပါတီ CPP တွဲဖက်အတွင်းရေးမှူး ပူး လျှံန်း(ရဲ)ထွန်း ကို RFA အဖွဲ့သား ကိုခင်မောင်စိုးမင်း က ဆက်သွယ်မေးမြန်းထားပါတယ်။

---

**ပြက္ခဒိန်မှ**

**ဂျူလိုင် ၂၈ ၊ Asian Correspondent ။** ။ စစ်တပ်အတွင်း တိုင်းရင်းများအပေါ်စစ်ပြုဟာနှင့် တပ်တွင်းမကျေနပ်မှုများ၊ ဗိုလ်ချုပ်သိန်းစိန်နှင့်တင်အောင်မြင့်ဦးတို့အကြား သဘောကွဲ အင်အားပြိုင်မှုများ၊ ဒုဗိုလ်ချုပ်မြင့်စိုး စသည့်တိုင်းမှူးများ ရာထူးမှ ထွက်မှု၊ ရှမ်းပြည်ဖက်တွင် တပ်ပြေးမှုများဖြစ်ပွားနေ၏။

**ဂျူလိုင် ၂၉ ၊ BP ။** ။ မြန်မာတွင် ထိုင်းရဟတ်ယာဉ်သုံးစီးပျက်ကျမှုသည် ပြစ်ခတ်ခံရ၍မဟုတ်ကြောင်း ထိုင်းပထမတပ်မတော်ဗိုလ်ချုပ် Umodet Seetabut မှ ယမန်နေ့က ဆို၏။

**ဂျူလိုင် ၂၉ ၊ Irrawaddy ။ ။** Ital Thai Co မှ အလုပ်သမား ၅၀ ခန့်သည် ကရင် မြန်မာတိုက်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်နေရကြောင်း၊

**ဂျူလိုင် ၂၉ ၊ Asian Tribune ။** ။ ဒေါ်အောင်ဆန်းစုကြည်တင်ပြသည့် အပစ်အခတ်ရပ်စဲရေးကို သမတဦးသိန်းစိန်အစိုးရသည်လက်ခံသင့်ကြောင်း။

**ဂျူလိုင် ၂၉ ၊ Irrawaddy ။** ။ မြန်မာစစ်အစိုးရအား နျူရင်ဘတ်ခုံရုံးပုံစံမျိုးဖြင့် စစ်ဆေးအရေးယူခံရမည်ဟု ခြိမ်းခြောက်ခဲ့၍ ၁၉၉၀ ရွေးကောက်ပွဲနိုင်ခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်ချင့် အဲအန်လ်ဒီအား အာဏာမလွှဲအပ်ခဲ့ဟုရွေးကောက်ပွဲကော်မရှင် ဗိုလ်ချုပ်ဟောင်း ဦးတင်အေးမှ ဆို၏။

**ဂျူလိုင် ၂၉ ၊ Mizzima ။** ။ ဒေသခံများကန့်ကွက်၍ မြောက်ဦးမှ ဆင်းတုများကို နေပြည်တော်သို့သယ်ရန် အစီအစဉ်ကို စွန့်လွှတ်ခဲ့ရကြောင်း။

**ဂျူလိုင် ၂၉ ၊ DVB ။** ။ ပြည်တွင်း အပစ်အခတ်ရပ်စဲရေး ဒေါ်အောင်ဆန်းစုကြည်၏အဆိုကို တိုင်းရင်းအဖွဲ့များမှလက်ခံကာ ကေအင်ယူမှ သုမအား ကုလနှင့်အာဆီယံတို့ပါ ပါဝင်ရန် တောင်းဆို၏၊

**ဂျူလိုင် ၂၅ ၊ KL-AP ။** ။ ဒုက္ခသည် လဲလှယ်ရေးအစီအစဉ်ကို မလေးရှားနှင့် ဩစတြေးလျားတို့ သဘောတူလက်မှတ် ရေးထိုးခဲ့၏။

**ဂျူလိုင် ၂၅ ၊ XNA ။** ။ ဒေါ်အောင်ဆန်းစုကြည်နှင့် အလုပ်သမားဝန်ကြီးဦးအောင်ကြည်တို့သည် ယနေ့တွေ့ဆုံဆွေးနွေးပွဲအပြီး ပူးတွဲထုတ်ပြန်ချက်ထုတ်ခဲ့၏။ မကြာမီ ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း။

**ဂျူလိုင် ၂၆ ၊ Asia Times Online ။** ။ ဒေါ်လာ ၈ ဘီလီယံတန် ထားဝယ်ဆိပ်ကမ်းနှင့်စက်မှုလက်မှုဒေသမဟာစီမံကိန်းနှင့်ဆက်သွယ်မည့် လမ်းဖောက်ခြင်းကို KNLA ကရင်လက်နက်ကိုင်အဖွဲ့ကြောင့် ရပ်ဆိုင်းထားရကြောင်း။

**ဂျူလိုင် ၂၅ ၊ Irrawaddy ။ ။** ဖန်မော်သို့မြန်မာတပ်မ ၃ ခု ထပ်မံရောက်လာ၍ ကချင်တိုင်းရင်းသားများ ရာချီ၍ တရုတ်နယ်စပ်သို့ ထပ်မံထွက်ပြေးခဲ့ကြောင်း။

**ဂျူလိုင် ၂၅ ၊ Mizzima ။** ။ ၂၀၁၄ အာဆီယံအစည်းအဝေးကို နေပြည်တော်တွင်ကျင်းပဖြစ်သော် အသင့်ဖြစ်ရန် အစိုးရသည် စီစဉ်နေကြောင်း။

**ဂျူလိုင် ၂၅ ၊ DVB ။** ။ အစိုးရနှင့်ကချင်လက်နက်ကိုင်အဖွဲ့များအကြား စစ်ဖြစ်နေမှုတွင် စေ့စပ်ရေးလုပ်နိုင်ရန် NDF ပါတီသည် မြစ်ကြီးနားတွင် ရုံးခွဲဖွင့်ခဲ့ကြောင်း ပါတီခေါင်းဆောင် ဦးခင်မောင်ရွှေမှဆို၏။

---

# လူကုန်ကူးသူ မြန်မာနိုင်ငံသား ၃ ဦးကို ထိုင်းအာဏာပိုင်မှ ဖမ်းဆီးမိရ

**RFA । ဇူလိုင် ၂၇ ॥ ॥** ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှာ လူကုန်ကူးသူ မြန်မာနိုင်ငံသား ၃ ဦးကို ထိုင်းအာဏာပိုင်တွေက ဖမ်းဆီးနိုင်ခဲ့ပြီး ဖမ်းဆီးချိန်မှာ အသက် ၁၈ နှစ် မပြည့်သေးတဲ့ မြန်မာကလေး ၆ ယောက်ကို ကယ်တင် နိုင်ခဲ့တယ်လို့ သိရပါတယ်။

လူကုန်ကူးခံထားရသည်မှ ကယ်တင်ပြီး ထိုင်းနိုင်ငံ ပထွန်ဌာနီခရိုင်၊ လူမှုဖူလုံရေးနှင့် ကယ်ဆယ်ရေးအဖွဲ့မှ မြန်မာနိုင်ငံသားအချို့ကို ကူညီစောင့်ရှောက်ထားပါသည်။

ဖမ်းဆီးရမိခဲ့တဲ့ လူကုန်ကူးသူ မြန်မာနိုင်ငံသား ၃ ဦးဟာ ဦးတင်ဝင်း၊ ဒေါ်ရွှေကြည်နဲ့ မချို ဆိုသူတို့ဖြစ်ပြီး မနေ့က မနက် ၁၀ နာရီလောက်မှာ ချင်းမိုင်မြို့ လမ်းတခုပေါ်က အခန်းတစ်ခုမှာ ဝင်ရောက် ဖမ်းဆီးနိုင်ခဲ့တာလို့ သိရပါတယ်။ ဖမ်းဆီးရမိချိန်မှာ အသက် ၃ နှစ်ကနေ အသက် ၁၄ အရွယ် ကလေး ၆ ယောက်တွေ့ရှိခဲ့တယ်လို့ ချင်းမိုင်ခရိုင် အမှတ် ၅ ရဲစခန်းရုံးချုပ်က ရဲအရာရှိအဖိချာဒ် က အာ အက်ဖ်အေကို ပြောပါတယ်။

တရားရုံးကနေ ဝင်ရောက်ဖမ်းဆီးခွင့်အမိန့် တောင်းခံခဲ့ပြီး အခုလို ဝင်ရောက်ဖမ်းဆီးခဲ့တာပါ။ ကလေးအားလုံး ၆ ယောက်ရှိကြောင်း၊ ယောကျ်ား ၂ ဦးနဲ့ မိန်းကလေး ၄ ဦးဖြစ်ပြီး လူကုန်ကူးသူတွေက သူတို့ သားသမီးတွေလို့ ပြောကြောင်း၊ ဒါပေမဲ့ ကလေးတွေရဲ့ အသက်အရွယ်တွေ အရမဖြစ်နိုင်ပါကြောင်း၊ DNA စစ်ဆေးချက်ယူပြီးစစ်ဆေးနေကြောင်း ထိုင်းရဲက ပြောပါတယ်။

ထိုင်းရဲတွေရဲ့အဆိုအရ ဒီကလေးတွေကို ထိုင်းစကားသင်ကြားပေးပြီး စုတ်ပြတ်ဟောင်းနွမ်းတဲ့ အဝတ်တွေနဲ့ တစ်ရက်ကို ထိုင်းဘတ်ငွေ ၅၀၀ နှုန်း ရဖို့ မနက် ၆ နာရီကနေ ညသန်းခေါင်အထိတောင်းရမ်းခိုင်းခဲ့တယ်လို့လည်း သိရပါတယ်။ သတ်မှတ်ထားတဲ့ ငွေမရရင်တော့ မနက် ၄ နာရီအထိ တောင်းခိုင်းတာတွေရှိပြီး ည ဘက်တွေမှာလည်း ကလေးတွေကို လိင်ပိုင်းဆိုင်ရာ စော်ကားမှုတွေရှိခဲ့ကြောင်း စစ်ဆေးချက်တွေအရ သိခဲ့ရတယ်လို့ ဆိုပါတယ်။

သုံးဦးထဲက ဦးတင်ဝင်းကို အသက် ၁၅ နှစ်အောက် ကလေးမငယ်အားမတော်မတရားပြုကျင့်မှုနဲ့ အမှုတစ်ခု ထပ်တိုးထားတယ်လို့ သိရပြီး ကယ်တင်နိုင်ခဲ့တဲ့ ကလေး ၆ ဦးကိုတော့ ချင်းမိုင်မြို့မှာရှိတဲ့ ကလေးပြုစု စောင့်ရှောက်ရေး ဂေဟာမှာ ပို့ဆောင်ထားတယ်လို့ သိရပါတယ်။

---

# ပဲခူးမြို့ ရေကြီး လူထုဒုက္ခရောက်

**BBC । ဇူလိုင် ၂၄ ॥ ॥** ပဲခူးမြို့နယ်မှာရိုးမတောင်ကျရေနဲ့ပင်လယ်ဒီရေတိုးလာတဲ့အတွက် မြေနိမ့်ပိုင်းက ရပ်ကွက်ပေါင်း(၈)ရပ်ကွက် လောက်ရေကြီးရေမြုပ်ခဲ့ပြီး အိမ်ခြေပေါင်းတသောင်းကျော် စားသောက်နေထိုင်ရေး အခက်တွေ့နေရတယ်လို့သိရပါတယ်။

မြန်မာပြည်မှာ ဒီရေတိုးလို့ရော မိုးကြီးလို့ပါ ရေကြီးတာတွေကတော့ ခဏခဏဖြစ်အဝေးပြေးကားလမ်းနဲ့ဘူတာဈေးလည်း ရေမြုပ်နေပြီးလူတွေကတော့ ဘုန်းတော်ကြီး ကျောင်းနဲ့ကုန်းမြင့်တွေမှာပြောင်းရွှေ့နေထိုင်ကြလို့ဒေသ အာဏာပိုင်တွေ ကလည်း ထမင်းထုပ်ဝေနေပြီး ကယ်ဆယ်ရေး လုပ်နေကြပါတယ်။

ပဲခူးဘူတာဈေးဟာ ရေမြုပ်လို့လှေနဲ့သွားလာ နေရတယ်လို့ ပဲခူး ဒေသခံတဦးက ဘီဘီစီကို ပြောပါတယ်။ ဈေးသည်တွေကတော့ လောလောဆယ် ရန်ကုန်-မန္တလေး လမ်းမပေါ် တက်ပြီး ဈေးရောင်းကြတယ်လို့လည်း သူကပဲ ဆက် ပြောပါတယ်။

ရေကြီးတော့လူတွေနေရေးထိုင်ရေးပါမကစားရေးသောက်ရေး စီးပွားရေး အခက်တွေ့တရပ်ကွက်ကို အိမ်အလုံး ၂၀ ကျော်လောက် လုံးလုံးမြုပ်ပြီး သောကြာ ညနေပိုင်းက တက်လာတဲ့ ရေဟာ ပြန်မကျသေးပါဘူး။ ရေဘေးဒဏ် ခံရသူတွေက အိမ်အမြင့် တွေမှာ ပြောင်းနေကြသလို၊ ကျွန်းသာယာ ရပ်ကွက်ကတော့ ရွှေနံ့သာ ဘုန်းတော်ကြီး ကျောင်းမှာ ခဏသွားခိုနေရတယ်လို့ပဲခူး ဒေသခံက ပြောပါတယ်။

ပဲခူးတိုင်းအတွင်း တာဝမြို့နယ်မှာလည်း လယ်မြေတွေ ရေမြုပ်နေသလို ရောဝတီတိုင်း ကျုံပျော် ကွမ်းခြံကုန်းနဲ့ ရခိုင်ပြည်နယ်မှာလည်း နေရာအနှံ့အပြား ရေကြီးခဲ့ပါတယ်။ တခါ ရန်ကုန်တိုင်း ခရမ်း သုံးခွမြို့နယ်တွေဘက်မှာလည်း ရေကြီးခဲ့တာကြောင့် စိုက်ပျိုးပြီးသား လယ်မြေနဲ့လူနေအိမ်တွေ အပျက်အစီးများခဲ့တယ်လို့သိရပါတယ်။

# မြန်မာတပ်တွေနဲ့ KIA ဆက်တိုက်

**RFA । ဇူလိုင် ၂၇ ॥ ॥** မြစ်ကြီးနားကနေ ဖားကန့်ကျောက်စိမ်းတွင်းဒေသကို သွားတဲ့လမ်းမှာ မနေ့ညနေက ကေအိုင်အိုနဲ့ မြန်မာအစိုးရတပ်တွေ တိုက်ပွဲဖြစ်ပွားခဲ့ပါတယ်။

ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) ၏ လက်ရှိ ဌာနချုပ်တည်ရာ လိုင်ဇာမြို့ စစ်ရေးပြ အခမ်းအနားတခုတွင် လက်နက်ကိုင်ကချင်စစ်သည်များကို မှတ်တမ်းပုံခါတ်ပုံတွေလည်း တွေ့ရပါသည်၊

ကျောက်စိမ်းတွင်းဒေသမှာ အခြေစိုက်ထားတဲ့ ကေအိုင်အိုတပ်ရင်း ၆ နဲ့ မြန်မာအစိုးရ ဆားမှော်အခြေစိုက် ခလရ ၁၀၅ တပ်ရင်းတို့ မနေ့ညနေမှာ မြစ်ကြီးနားကနေ ဖားကန့်သွားလမ်းမှာရှိတဲ့ ကာမိုင်းမြို့အနီးမှာ တိုက်ပွဲဖြစ်ခဲ့တာလို့ ဖားကန့်ဒေသခံ တစ်ယောက်က ပြောပါတယ်။

" ၆ နာရီ ၂၅ မှာ ဖြစ်တာကတော့ ကာမိုင်းအဝင်မှာ သူတို့စစ်ကြောင်း တက်လာတာကို ကြားဖြတ်ဝင်တိုက်တယ်။ အင်အားက ၄၀ ကျော်လောက်ပဲ ရှိတယ်လို့ပြောတယ်။ ၄ ယောက်သေတယ်။ ၁၅ ယောက်ဒဏ်ရာရသွားတယ်။ ကား ၂ စီးနဲ့တက်လာတာ။ ကားပေါ်မှာ ပစ္စည်းတင်ပြီး လူက လမ်းလျှောက်လာတာ။ အဲဒီလိုမျိုးတက်လာတာကို ကြားဖြတ် ပြောက်ကျားလုပ်ကြတာပေါ့။ အဲဒီမှာ ၂ ယောက်သေတယ်။ ၁ ယောက်က ဒဏ်ရာပြင်းတယ်"

ဒီကိစ္စနဲ့ပတ်သက်လို့ ကေအိုင်အို တပ်ရင်း ၆ က အရာရှိတွေက အတည်ပြုပေမဲ့ အသေးစိတ်ပြောဆိုတာ မရှိပါဘူး။ နှစ်ဖက် စစ်ရေးအရ တိုက်ခိုက်တာတွေဖြစ်လာတာက တကြောင်း၊ မိုးရာသီ ရောက်နေတာက တကြောင်းကြောင့် ဖားကန့်ကျောက်စိမ်းဒေသမှာ အရောင်းအဝယ်တွေလည်း ရပ်တန့်သလောက်ဖြစ် သွားတယ်လို့လည်း ဖားကန့်ဒေသခံက ပြောပါတယ်။

# ပဲခူးတိုင်းနဲ့ ကရင်ပြည်နယ်တို့တွင် ဖြစ်ရေလျှံမှုကြောင့် ရေကြီး လူထုဒုက္ခရောက်

**Mizzima ၊ ဇူလိုင် ၂၅ ။** ။ ရေကြီးခဲ့ပြီးနောက် ယခုအခါ ပဲခူးတိုင်းနှင့် ကရင်ပြည်နယ်အတွင်း၌ ရေကြီးနေသည်။ ပဲခူးမြစ်ရေလျှံသဖြင့် ပဲခူးမြို့ပေါ်ရှိ ၁၈ ရပ်ကွက်အပါအဝင် ကဝမြို့နယ်အတွင်းရှိ ကျေးရွာ ၂၀ ကျော်တွင် လှေများဖြင့် လှော်ခတ်သွားလာနေရသလို၊ ကရင်ပြည်နယ် ဘားအံမြို့ပေါ်တွင်လည်း သန်လျင်မြစ်ရေလျှံမှုကြောင့် မြေနိမ့်ပိုင်း ရပ်ကွက် ၅ ခုအတွင်း ရေကြီးနေ၍ စာသင်ကျောင်းနှင့်ဘုန်းကြီးကျောင်းများတွင် သွားရောက် ခိုလှုံနေကြရသည်ဟု သိရသည်။

ပဲခူးမြို့ရေကြီးမှုတွင် အနိမ့်ဆုံး ရေအနက် ၄ ပေ ထက်မက ရေတက်နေသည့် နေရာများမှာ ကျောက်ကြီးစု၊ ရွာသစ်၊ ကျောက်တွင်းကုန်း၊ မြို့သစ် (က)(ခ)(ဂ)၊ အုတ်ဆက်တန်း၊ မဇင်း၊ ဖိုင်းဂနိုင်းတောင်ပိုင်း၊ အိုးလေးစု၊ ကလျာဏီ၊ ကျွန်းသာယာ၊ ခေါင်းဆေးကျွန်း၊ ရွှေသာလျောင်းနှင့်ဥသာမြို့သစ် ရပ်ကွက်ကြီး- ၇ တို့တွင်ဖြစ်သည်ဟု မြို့ခံတို့က ပြောသည်။

" ရေက ရင်ဆို့လောက်ရှိတယ်။ ၄ ရက်ရှိပြီ မကျသေးဘူး။ အိမ်မှာဆို ထမင်းချက်လို့ကို မရဘူး။ အပြင်သွားလည်း လှေရှိမှရေချိုးဖို့က အခက်တွေ့နေတယ်။ ရေတက်နေတော့ မီးတွေလည်း ဖြတ်ထားတော့ အဆင်မပြေဘူး" ဟု ပဲခူးမြို့ ဥသာမြို့သစ် ရပ်ကွက်တွင်နေထိုင်သူ တဦးက မဇ္ဈိမကိုပြောသည်။

လူမှုကူညီရေး အသင်းများ၊ ဘုန်းတော်ကြီး ကျောင်းများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၏လှူဒါန်းမှု ထမင်းထုပ်များကို မြို့ခံအာဏာပိုင်များက လာရောက်ဝေငှပေးကြသည်ဟု သိရသည်။ တချိန်တည်းပင် ပဲခူးမြစ်ကြောင်းပေါ်ရှိ ကဝမြို့နယ်အတွင်းမှ ကျေးရွာပေါင်း ၂၀ ကျော်တွင် မြစ်ရေလျှံသဖြင့် လယ်ယာဧကပေါင်း ထောင်ချီဆုံးရှုံးနေရသလို ကျေးရွာများ အတွင်း၌လည်း လှေများဖြင့်သာ လှော်ခတ်သွားလာနေရသည်ဟု ရွာခံတို့က ပြောသည်။

" လယ်သမားမှန်သမျှ အကုန်မြုပ်တာပဲ..လယ်တွေက။ အခုဈေးထွက်ဝယ်တာတို့ ဟိုဘက်ရွာ ဒီဘက်ရွာ သွားတာတို့ဆိုရင် လှေနဲ့ပဲ သွားနေရတာပေါ့။ အလုပ်ပျက်တာကတော့ ၄ ရက်ရှိပြီ။ ရေကလည်း အိမ်တိုင်ကို ၄-၅ ပေလောက် တက်နေတယ်" ဟု ကမာကလဲရွာမှ လယ်သမားတဦးက မဇ္ဈိမကို ပြောသည်။

ယင်း ကျေးရွာ ၂၀ တွင် နိဗ္ဗာန်၊ ပိုင်ကျုံ၊ တောင်ကြီး၊ နဘဲပင်၊ မိုးခိုင်၊ ကျားတက်၊ ကမာကလဲစသည်တို့ ပါဝင်ပြီး၊ လွန်ခဲ့သည့် ၁၀ ရက်ကမှ စိုက်ထားသည့် ပျိုးစပါးများပျက်စီးတော့မည်ဟု ရွာခံလယ်သမားများကပြောသည်။ ဇွန်လလယ်ပိုင်းကပထမတကြိမ်မြစ်ရေကြီးမှုတွင် မျိုးစပါးများပျက်စီးခဲ့ပြီးနောက် ယခုအခါ ဒုတိယအကြိမ် ထပ်မံပျက်စီးရသည်ကို ဒေသခံလယ်သမားများက ငြီးငြူနေကြသည်။

" ပျိုးတွေက ပြန်စိုက်ထားတဲ့ဟာတွေ။ အရင်လက ရေကြီးတုန်းက တခါမျိုးတွေ ပုတ်ကုန်တော့ အခုပြန်စိုက်ထားတာ။ ဒီဟာပါ ထပ်ပြီး ပျက်စီးမယ်ဆိုတော့ မျိုးပြတ်တာပေါ့ဗျာ။ နောက်ထပ်မျိုးစပါးဖိုးတော့ မရှိတော့ဘူး" ဟု ပိုင်ကျုံ ရွာခံတဦး က မဇ္ဈိမကိုပြောသည်။

ကျေးရွာများတွင် အခြားလိုအပ်ချက်များအတွက် လာရောက်ကူညီပေးသူမရှိဟုလည်း ၎င်းကဆိုသည်။ ပဲခူးတိုင်းအတွင်း ရေကြီးနေချိန်တွင် ကရင်ပြည်နယ် ဘားအံမြို့ပေါ်မှ သံလျင်မြစ်နှင့် အနီးရှိ မြေနိမ့်ပိုင်း ရပ်ကွက်များဖြစ်သည့် အမှတ် ၁၊ ၂၊ ၃၊ ၅ နှင့် ၆ တို့တွင် ရေအမြင့် ၅ ပေခန့် မြင့်တက်နေသဖြင့် နေအိမ်အချို့ နစ်မြုပ်နေသည်။

ကျောင်းများလည်း ပိတ်ထားရပြီး ထိုရပ်ကွက်ခံများကို လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ကျန်းမာရေးဌာနက အထက်တန်းကျောင်းနှင့် ရွှေရင်မျှော်ဘုရားတို့တွင် ကယ်ဆယ်ရေးစခန်းများဖွင့်ကာ စောင့်ရှောက်ထားသည်ဟု ရေဘေးခိုလှုံသူများက ပြောသည်။

"အိမ်ကြမ်းပြင်ပါ မြုပ်တော့ နေလို့မရတော့ဘူးပေါ့ဗျာ။ မြွေပါး၊ ကင်းပါးလည်းကြောက်ရတယ်လေ။ တချို့ကတော့ ဆွေမျိုးတွေအိမ်မှာ သွားနေကြတာပေါ့။ အများစုကတော့ ဒီကယ်ဆယ်ရေးစခန်းတွေမှာ ရေမြန်မြန်ကျအောင်ပဲ ဆုတောင်းနေရတယ်" ဟု အမှတ် ၂ ရက်ကွက်မှ ရေဘေးခိုလှုံသူတဦးက ပြောသည်။

ဇူလိုင်လ ၁၈ ရက်နေ့က စံချိန်တင်ရွာသွန်းခဲ့သည့် မုတ်သုန်မိုးကြောင့် ရေကြီးခဲ့သည့် ရခိုင်ပြည်နယ်အတွင်းရှိမြို့နယ် ၇ မြို့နယ်ကျော်တွင်မူ ရေကျသွားပြီဖြစ်သဖြင့် သက်သာရာရသွားခဲ့ကြ သော်လည်းယင်းဒေသတွင်းကျေးရွာများရှိလယ်ဧကပေါင်းများစွာမှာရေကြီးမှုကြောင့် နွံများနစ်သွားသဖြင့် မျိုးစပါး အသစ်ကြဲရမည့် အခြေအနေသို့ ရောက်ရှိသွားသည်။ မြန်မာနိုင်ငံတွင်း ပြည်နယ်နှင့် တိုင်းများတွင် စံချိန်တင် မိုးများ ရွာသွန်းမှုသည် "မုတ်သုန်လေ အားကောင်းခြင်း" ကြောင့်ဟု မြန်မာနိုင်ငံ ရာသီဥတုအပြောင်းအလဲများကို ထုတ်ပြန်နေသည့် Myanmar Climate Change Watch မှ မိုးဇလပညာရှင်ဦးထွန်းလွင်က မဇ္ဈိမကို ပြောသည်။

---

# နော်ဝေကို ဝမ်းနည်းသဝဏ်လွှာ ဒေါ်စုပေးပို့

**RFA ၊ ဇူလိုင် ၂၅ ။** ။ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဘန်ကောက်မြို့ မှာ အခြေစိုက်တဲ့ မြန်မာနိုင်ငံဆိုင်ရာနော်ဝေသံရုံးထံ ဝမ်းနည်းကြောင်း သဝဏ်လွှာ စနေနေ့က ပေးပို့ခဲ့တယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ သောကြာနေ့က နော်ဝေနိုင်ငံ အော်စလိုမြို့မှာအစိုးရရုံးတွေနဲ့လူငယ်နွေရာသီစခန်းတစ်ခုကိုနော်ဝေနိုင်ငံသားတစ်ယောက်က အကြမ်းဖက် တိုက်ခိုက်ခဲ့ပါတယ်။ လူပေါင်း ၉၀ ကျော် သေဆုံးခဲ့ပြီး နိုင်ငံတကာ အသိုင်းအဝိုင်း တစ်ခုလုံး တုန်လှုပ်သွားခဲ့ပါတယ်။

အခုလိုဖြစ်ရပ်အပေါ် အထူးဝမ်းနည်းကြေကွဲရကြောင်း အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်က သဝဏ်လွှာပေးပို့ခဲ့တာဖြစ်ကြောင်း အင်အယ်လ်ဒီပြောရေးဆိုခွင့်ရှိသူ ဦးအုန်းကြိုင်က ပြောပါတယ်။

နော်ဝေးနိုင်ငံဟာ မြန်မာ့ ဒီမိုကရေစီ အရေးလှုပ်ရှားမှု အတွက် နှစ်ပေါင်းများစွာ ဘဏ္ဍာရေး အကူအညီပေးနေပြီး၊ ထိုင်း-မြန်မာနယ်စပ်က လူမှုအဖွဲ့အစည်းတွေ၊ နိုင်ငံရေးပါတီတွေ အပါအဝင် ဒီမိုကရက်တစ် မြန်မာ့အသံကိုပါ နှစ်စဉ်ငွေကြေး အကူအညီပေးနေတဲ့ နိုင်ငံဖြစ်ပါတယ်။

# စစ်ဆင်ရေးအထူးအဖွဲ့မှူးဖြစ်တဲ့ ဗိုလ်ချုပ် ၂ ဦး ရာထူးမှအနားပေး

**DVB | ဂျူလိုင် ၂၉ ။ ။** မကြာသေးမီရက်ပိုင်းက ကာကွယ်ရေးဝန်ကြီးဌာန စစ်ဆင်ရေးအထူးအဖွဲ့ ကစထမှူး ၂ ဦးကို တာဝန်က အနားပေးလိုက်တဲ့အတွက် ကစထမှူးနှစ်ဦးသာကျန်ရှိတော့ကြောင်း စစ်ဘက်သတင်းရပ်ကွက်အရသိရပါတယ်။

ပြီးခဲ့တဲ့နှစ်၊ ဩဂုတ်လကုန်ပိုင်းက တပ်တွင်းရာထူးအပြောင်းအရွှေ့တွေအတွင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးမှ ကစထမှူးဖြစ်လာတဲ့ဗိုလ်ချုပ်မြင့်စိုးနဲ့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးမှ ကစထမှူးဖြစ်လာသူ ဗိုလ်ချုပ်တင်ငွေတို့နှစ်ဦးကို တာဝန်ထမ်းဆောင်တဲ့ သက်တမ်း ၁ နှစ်မပြည့်ခင်မှာ စစ်ဘက်က အနားပေးလိုက်တာဖြစ်ပါတယ်။

ကာကွယ်ရေးဝန်ကြီးဌာန စစ်ဆင်ရေးအထူးအဖွဲ့ ကစထ မှူး ရာထူးကို ၂၀၀၃ ခုနှစ်မှ စတင်ဖြည့်စွက်ကျင့်သုံးလာပြီး အဲဒီ ကစထမှူးက စစ်တိုင်းဌာနချုပ် ၃ ခုလောက်ကို တာဝန်ယူကွပ်ကဲနေရတာပါ။ အစောပိုင်းကာလတွေမှာ ကစထမှူး ၄ ဦးသာရှိနေရာမှ နောက်ပိုင်း ကစထမှူး ၆ ဦးအထိ တိုးချဲ့ထားရှိခဲ့ပါတယ်။

ပြီးခဲ့တဲ့နှစ် ဩဂုတ်လကုန်ပိုင်းက ကစထမှူးတွေဖြစ်လာခဲ့တဲ့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဟောင်း ဗိုလ်ချုပ်စိုးဝင်းကို အခုနှစ် ဧပြီလမှစလို့ ဒုတပ်မတော်ဦးစီးချုပ်အဖြစ်လည်းကောင်း၊တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးဟောင်း ဗိုလ်ချုပ်လှမင်းကို ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ်လည်းကောင်း ပြောင်းရွှေ့တာဝန်ပေးထားခဲ့ပြီးဖြစ်ပါတယ်။

ဒါကြောင့်မို့ ကစထမှူး ၆ ဦးရှိတဲ့အနက် အခုအခါ အရှေ့မြောက်တိုင်း တိုင်းမှူးဟောင်း ဗိုလ်ချုပ်အောင်သန်းထွဋ်နဲ့ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဟောင်းဗိုလ်ချုပ်သက်နိုင်ဝင်းတို့ နှစ် ဦးသာကျန်ရှိနေပြီး အသစ်ခန့်အပ်အစားထိုးတာလည်းမရှိတဲ့အတွက် အဲဒီ ကစထမှူး ရာထူးနေရာတွေကိုတောင် ဖယ်ရှားကောင်း ဖယ်ရှားနိုင်တယ်လို့ စစ်ဘက်သတင်းရပ်ကွက်အရသိရပါတယ်။

အခု စစ်ဘက်ကအနားပေးလိုက်တဲ့ ကစထမှူးတွေဟာ သူတို့ တိုင်းမှူးဘဝက အိမ်ရာမြေရောင်းစားတဲ့ကိစ္စတွေဖြစ်ပြီး ရန်ကုန်တိုင်းမှူးဟောင်း ဗိုလ်မှူးချုပ်ထွန်းသန်းကိုလည်း အလားတူမြေရာကိစ္စတွေနဲ့ စစ်ဘက်ကအနားပေးကာ စစ်ဆေးမှုတွေလုပ်ခဲ့တယ်လို့ စစ်ဘက်နဲ့ နီးစပ်တဲ့သတင်းတွေအရသိရပါတယ်။

---

# ဒဏ်ခတ်မှု ကနေဒါ ဖယ်ရှားမည်မဟုတ်

**RFA | ဂျူလိုင် ၂၆ ။ ။** ကနေဒါနိုင်ငံကမြန်မာနိုင်ငံနဲ့မဟာဗျူဟာကျတဲ့ ဆက်ဆံရေးဆိုပြီး မူဝါဒ ချမှတ် ဆောင်ရွက်လိုက်ရာမှာ အပြန်အလှန်သံအမတ်ကြီးတွေထားရှိရေး ပါဝင်ပေမယ့် မြန်မာနိုင်ငံအပေါ် ချမှတ်ထားတဲ့ စီးပွားရေးပိတ်ဆို့မိန့်ကို ပြန်လည်ဖယ်ရှားရေး မပါဝင်သေးဘူးလို့ ကနေဒါ နိုင်ငံခြားရေးဝန်ကြီး John Baird က ပြောကြားလိုက်ပါတယ်။

ကနေဒါနိုင်ငံခြားရေးဝန်ကြီးဟာ အင်ဒိုနီးရှားနိုင်ငံမှာ ကျင်းပတဲ့ ARFအရှေ့တောင်အာရှဒေသတွင်းလုံခြုံရေးအစည်းအဝေးသွားတက်ရင်း ဒီကိစ္စကို အလွတ်သဘော ပြောကြားခဲ့တာဖြစ်ပါတယ်။

ဒီလိုပြောဆိုချက်အပေါ်မှာ CFOB ကနေဒါ မြန်မာ့ မိတ်ဆွေများအဖွဲ့က တာဝန်ခံကိုတင်မောင်ထူးက - ကနေဒါအစိုးရရဲ့ ဆက်ဆံရေးမြှင့်တင်သွားမယ်ဆိုတဲ့အပေါ်မှာ သူ့အနေနဲ့ ထူးခြားလှတဲ့ခြေလှမ်းတရပ်အဖြစ် မမြင်ကြောင်း၊ တဖက်က အရေးယူမှုတွေ ထားရှိချိန်မှာ အပြောင်းအလဲအတွက် စကားပြောဖို့ လိုတယ်လို့ ထင်မြင်ကြောင်း၊ ကနေဒါနိုင်ငံဟာ မြန်မာနိုင်ငံအပေါ် အပြင်းထန်ဆုံးပိတ်ဆို့ ပစ်ဒဏ်ခတ်ထားတဲ့ နိုင်ငံတွေထဲမှာ ပါဝင်ကြောင်း၊ ပိတ်ဆို့မှုကြောင့် ရရှိလာတဲ့ ရလဒ်ကိုလည်း သုံးသပ်ဖို့ လိုသလို အနီးကပ်ဆက်ဆံရေးလို တခြားနည်းလမ်းတွေကို အသုံးပြုဖို့ လိုအပ်ကြောင်း ပြောသွားပါတယ်။

ကနေဒါနိုင်ငံခြားရေးဝန်ကြီးပြောသွားတဲ့အထဲမှာမြန်မာအစိုးရကို အကန့်အသတ်နဲ့ဆက်ဆံရာမှာ အထူးသဖြင့် လူ့အခွင့်အရေးကိစ္စကို အလေးပေးဆက်ဆံ ပြောဆိုသွားမယ်လို့လည်း ထည့်သွင်းပြောကြားသွားပါတယ်။

ကနေဒါနိုင်ငံက မြန်မာနိုင်ငံအပေါ် စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုကို ၂၀၀၇ ခုနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

---

# အောင်လံမြို့ ပညာပါရမီကျောင်း အာဏာပိုင်တားမြစ်

**DVB | ဂျူလိုင် ၂၉ ။ ။** မကွေးတိုင်း အောင်လံမြို့နယ်က ကျောင်းဆရာ ၇ ဦးစုပေါင်းပြီး အခမဲ့ ပညာပါရမီကျောင်းဖွင့်ရာမှာ အာဏာပိုင်တွေရဲ့ တားမြစ်မှုကြောင့် ကျောင်းသားတွေ ကျောင်းမတက်ရဲဘဲ ဖြစ်နေကြရတယ်လို့ မြို့ခံတဦးကပြောပါတယ်။

ပညာပါရမီကျောင်းကို အောင်လံမြို့ ရေဝန်းဘုန်းတော်ကြီးကျောင်းမှာဖွင့်ဖို့ ဆရာတော်ဆီကနေ ခွင့်ပြုချက်ရရှိခဲ့ပေမယ့် အာဏာပိုင်တွေက ကျောင်းထိုင်ဆရာတော်ကို ခွင့်မပြုဖို့ လာရောက်ပြောဆိုခဲ့တယ်လို့ဆိုပါတယ်။ ဒါပေမယ့် ဆရာတော်က လူမှုရေးကိစ္စဖြစ်တာကြောင့် ဆက်လက်ခွင့်ပြုထားရာမှာ အာဏာပိုင်တွေက အဲဒီကျောင်းလာတက်တဲ့ ကျောင်းသူကျောင်းသားတွေကို လိုက်လံတားမြစ်တာကြောင့် ကျောင်းသားတွေ ကြောက်ပြီး ကျောင်းလာမတက်ကြတော့ဘူးလို့ မြို့ခံတဦးကပြောပါတယ်။

"ဆရာ ၇ ယောက်စုပြီး ဘုန်းကြီးကျောင်းမှာဖွင့်တော့ ဘုန်းကြီးကလည်းလက်ခံထားတယ်။ ကျောင်းသားလက်ခံ ဘာညာနဲ့ လုပ်ပြီးတဲ့အချိန်မှာ ဘုန်းကြီးကျောင်းကို မယက က သွားပြီးတော့ မဖွင့်ဖို့ သွားတားတယ်။ ဘုန်းကြီးကလည်း တားလို့မရဘူး။ ကလေးကစားတာမဟုတ်ဘူး ဖွင့်ပြီးပြီ ဆိုပြီးပြောတယ်။ ဘုန်းကြီးကို တားမရတဲ့ အခါကျတော့ မယကရယ် ဒီမြို့နယ်မှာရှိတဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးရယ်က ကလေးတွေအိမ်တွေကိုလိုက်ပြီးတော့ ပိတ်တယ်ပေါ့နော်။ လိုက်ပိတ်တော့ နောက်ဆုံးကျတော့ ကလေးတွေက မလာရဲတော့ဘူး။"

ဒီကျောင်းဖွင့်ရေးကိစ္စမှာ အာဏာပိုင်တွေက ဘာကြောင့် လိုက်လံတားမြစ်တယ်ဆိုတာကို အတိအကျမသိရပေမယ့် ကျောင်းကို ဦးဆောင်ဖွင့်မယ့် ကျောင်းဆရာအများစုဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်တွေဖြစ်တာကြောင့် တားမြစ်တာဖြစ်နိုင်တယ်လို့ အဲဒီမြို့ခံကခန့်မှန်းပြောဆိုပါတယ်။

# ဖိလစ်ပိုင် အမျိုးသားတို့၏ လူထုလှုပ်ရှားမှုအောင်ပွဲ

**ခင်မမမျိုး**

၁၉၈၀ပြည့်လွန်နှစ်များ၏ နှောင်းပိုင်းကာလ။

တနည်းဆိုသော်တတိယအကြိမ်မြောက်ကမ္ဘာ့ဒီမိုကရေစီလှုပ်ရှားမှု လှိုင်းလုံးကြီးဖွံ့ဖြိုးဆဲ နိုင်ငံများသို့ရောက်ရှိပျံ့နှံ့ချိန်။ ယင်းကာလ ဖိလစ်ပိုင်အမျိုးသားတို့၏လူထုလှုပ်ရှားမှုကြီးကား အံ့မခန်းဖွယ်အောင်မြင်ခဲ့သည်။ အာဏာရှင်မားကိုးစ်၏ အစိုးရကို ဖြုတ်ချနိုင်ခဲ့သည်။ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော် ကျင့်သုံးနိုင်ခဲ့သည်။

ဤကာလ သမိုင်းကြောင်းကို အတိုချုံး လေ့လာကြည့်ကြပါစို့။

ဖိလစ်ပိုင်နိုင်ငံ၏ ဖွဲ့စည်းပုံအုပ်ချုပ်ပုံအခြေခံဥပဒေအရ သမ္မတ သက်တမ်းမှာ လေးနှစ်သက်တမ်း နှစ်ကြိမ်သာဖြစ်သော်လည်းအာဏာရှင် မားကိုးစ်က အနှစ်နှစ်ဆယ်ကြာအောင် အုပ်ချုပ်ခဲ့သည်။ ၁၉၆၅ခုနှစ်တွင် သမ္မတအဖြစ်၊ ရွေးကောက်ခံရပြီးနောက်ပိုင်းကာလ၌ စစ်အုပ်ချုပ်ရေး ထုတ်ပြန်ကြေငြာ၍ သူ့စိတ်ကြိုက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်ကို ထပ်မံရေးသားခဲ့သည်။

စစ်တပ်ကို သူ့ဩဇာအောက်သို့ သိမ်းသွင်းခဲ့သည်။ စာနယ်ဇင်းနှင့် စီးပွားရေးလုပ်ငန်းများအား မောင်ပိုင်စီးခဲ့သည်။ လာဘ်စားမှု၊ ဖမ်းဆီးထောင်ချမှု၊လုပ်ကြံမှု၊ သတ်ဖြတ်မှုများဖြင့် ထင်ရာစိုင်းနေသော မားကိုးစ်အစိုးရ၏အုပ်ချုပ်ခံ ပြည်သူများမှာကား နေ့စဉ်နှင့်အမျှ ထိတ်တလန့်လန့်၊ ကျီးလန့်စာစား၊ဆင်းရဲ တေ်ပြတ်မှုများကို ခံစားရင်း-----၊ ရာဇဝင်လာ ဆိုရိုးတခုရှိသည်။

"အချုပ်အခြာ အာဏာသည်ပြည်သူ့ထံမှ ဆင်းသက်ရမည်"တဲ့။ ဖိလစ်ပိုင်နိုင်ငံ၏ အချုပ်အခြာအာဏာကား ပြည်သူ့ထံမှမသက်ဆင်း။ မားကို့စ်နှင့် သူ၏ အပေါင်းအပါများ လက်တွင်းမှ သက်ဆင်းနေသည်။ ပြည်သူတို့ ဘာလုပ်ကြမည်နည်း။

"မတရားမှုသည် ဥပဒေဖြစ်လာသောအခါ တော်လှန်ပုန်ကန်ခြင်းသည်တာဝန်တရပ်ဖြစ်လာသည်"တဲ့။ ဤသည်ကား ကမ္ဘာတဝှမ်း လူထုလှုပ်ရှားမှုများ၏ ဥပဒေသ။

ပြည်သူတို့ ပုန်ကန်ရတော့မည်။ လူထုလှုပ်ရှားမှုများအကောင်အထည်ဖော်ရတော့မည်။ ဤကာလ ဖိလစ်ပိုင်အမျိုးသားတို့၏ရင်တွင်းတွင်ကား မကျေနပ်မှုဒေါသမီးလျှံများ ဟုန်းဟုန်းတောက်လျက်။ လူထု၏မကျေနပ်မှု အရှိန်အဟုန်ကြီးမြင့်နေဆဲတွင် လှုပ်ရှားမှုပေါ်ပေါက်စေခဲ့သော အဖြစ်အပျက်က ဖြစ်ပွားလာခဲ့သည်။ နာမည်ကျော် လူသိများ လှသောနိုင်ငံရေးခေါင်းဆောင်အာကွီနိုအားလုပ်ကြံသတ်ဖြတ်မှု၊အသုဘသတင်းအား သတင်းအမှောင်ချမှု။

ပြည်သူတို့ သည်းမခံနိုင်တော့။ ဖိနှိပ်ချုပ်ချယ်မှုက များလှပြီ။ မတရားမှုများကများလှပြီ။ ဤသို့ဖြင့် လူထုလှုပ်ရှားမှု လှိုင်းလုံးကြီး အရှိန်မြင့်လာသည်။ အာဏာရှင်စနစ်ကို ဖျက်သိမ်းပစ်ရမည်။ မားကိုးစ်အစိုးရကို ဖြုတ်ချပစ်ရမည်။ ပြည်သူ့ဆန္ဒကို ကိုယ်စားပြုသော ဒီမိုကရေစီစနစ်ကို တောင်းဆိုရမည်။

နှောင်နှစ်နှစ်ခွဲကာလတလျှောက် လူထုလှုပ်ရှားမှုကြီးကို အကောင်အထည်ဖော်ခဲ့ကြသည်။ လူထုလူတန်းစားမရွေး။ အထက်လွှာ လူတန်းစားများပင်ပါဝင်ခဲ့ကြသည်။ အားလုံး၏ရင်ထဲမှာကား ဆန္ဒတခုတည်း။ သူ့အဖွဲ့၊ ကိုယ့်အဖွဲ့လည်းမခွဲပဲအားလုံးဦးတည်ခဲ့ကြသည်က အာဏာရှင်စနစ်ကို ဖြုတ်ချပစ်ရေး။

သည်လိုအခြေအနေတွေကို ဖောက်ထွက်နိုင်ဖို့ မားကိုးစ်ကကြိုးစားသည်၊သမ္မတရွေးကောက်ပွဲကျင်းပခြင်းနည်းလမ်းဖြင့်။ရွေးကောက်ပွဲတွင် လုပ်ကြံသတ်ဖြတ်ခံရသူ အာကွီနို၏ဇနီးက မားကိုးစ်နှင့်ယှဉ်ပြိုင်အရွေးခံသည်။ ရွေးကောက်ပွဲအား တရားမျှတစွာကျင်းပခဲ့ခြင်းမရှိ။ မဲခိုးသည်။ လူရိုက်ပွဲများ ကျင်းပသည်။ နောက်ဆုံးတော့ မားကိုးစ်ပင် ရွေးကောက်ပွဲ၌ အနိုင်ရသူဟု အစိုးရကကြေငြာရသည်။ အကြမ်းမဖက်ရေး လူထုလှုပ်ရှားမှုကြီး စတင်လေပြီ။ ကိုရီအာကွီနိုကပြတ်သားစွာကြေငြာသည်။

"အကြမ်းမဖက်သော နည်းလမ်းဖြင့် လူထုလှုပ်ရှားမှုအားစတင်မည်။ အကယ်၍မအောင်မြင်လျှင် အခြားနည်းလမ်းများသို့ပြောင်းသင့်လျှင် ပြောင်းရမည်"တဲ့။ ခေါင်းဆောင်တယောက်၏ အမြော်အမြင်ရှိသော ဆုံးဖြတ်ချက်။

၁၉၈၆ခု၊ ဖေဖော်ဝါရီလ (၂၂)ရက်နေ့တွင်ကား ကာကွယ်ရေးဝန်ကြီးနှင့် ကာကွယ်ရေးဦးစီးချုပ်တို့ မားကိုးစ်အစိုးရမှ နုတ်ထွက်လိုက်ကြသည်။

"ကာကွယ်ရေး"ဆိုသည့် စကားလုံးကို သူတို့နှစ်ဦးလုံး ကောင်းစွာသဘောပေါက်ခဲ့ကြသည်။ ကာကွယ်ရေးဆိုသည်မှာ လာဘ်စားနေသောမားကိုးစ်အစိုးရကို ကာကွယ်ရေးမဟုတ်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရေး။ ဒါကို သဘောပေါက်နားလည်သော တပ်မတော် အကြီးအကဲများ၏ စကားသံကား "လာဘ်စားသော မားကိုးစ်အစိုးရအား ကာကွယ်စောင့်ရှောက်မည့်အစား အသက်စွန့်ရန်သာ အဆင်သင့်ရှိပါသည်"တဲ့။ မည်မျှဂုဏ်ယူလေးစားဖွယ်ကောင်းပါသနည်း။

နောက်တော့ ရေဒီယိုတခုမှ အသံလွှင့် ကြေငြာသည်။ စစ်ရုံးကိုဝန်းရံ၍ မားကိုးစ်၏ စစ်တပ်များအား ပိတ်ဆို့ရန်။ ထောင်သောင်းမကသော လူထုကြီးက တခဲနက်လိုက်နာခဲ့ကြသည်။ ပင်မသပိတ်စခန်းကမ့်ကရိမ်းသို့ ဦးတည်ရာ လမ်းများတလျှောက်သစ်ပင်များခုတ်လှဲခြင်း၊ ဘတ်စ်ကားများ ရပ်တန့်ပိတ်ဆို့ထားခြင်းများပြု လုပ်ကြသည်။ လူထုကြီးတရပ်လုံး လမ်းမပေါ်သို့ထွက်၍ တော်လှန်ရေးသမားများအား အကာအကွယ်ပေးခဲ့ကြသည်။ လူထုနှင့် တော်လှန်ရေးတသားတည်းကျချိန်တွင် အောင်ပွဲဆိုသည်ကားမဝေးတော့။

အာဏာရှင်မားကိုးစ်ကလဲ ခေသူမဟုတ်။ တော်လှန်ရေးသမားများ၏ အချက်အချာဗဟိုဌာနကို တိုက်ခိုက်ရန် မရင်းစစ်သည်များ၊ တင့်ကားများ၊လက်နက်ကိုင်စစ်သားများ စေလွှတ်သည်။ ယင်းစစ်သားများနှင့်လူထုကြီးကား မနီလာမြို့လမ်းများပေါ်တွင် ပက်ပင်းတိုးလေပြီ။ လူထုကြီး မည်သို့တုန့်ပြန်ခဲ့ပါသနည်း။

တင့်ကားများ လူအုပ်ထဲသို့ စတင်ဝင်လာသည်နှင့် လူထုကြီးက တင့်ကားများ ရှေ့တွင်ထိုင်ချလိုက်သည်။ တော်လှန်ရေးအချက်အချာကမ့်ကရိမ်းသို့ အာဏာရှင်မားကိုးစ်၏စစ်သည်များ မရောက်စေရ။

**စာမျက်နှာ ၁၉ သို့**

# ရွေးကောက်ပွဲကော်မရှင်နဲ့ နိုင်ငံရေးပါတီခေါင်းဆောင်တွေ တွေ့ဆုံဆွေးနွေး

**VOA | ဇူလိုင် ၂၇ ။ ။** ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်နဲ့နိုင်ငံရေးပါတီကိုယ်စားလှယ်တွေ ဒီကနေ့ ပထမဆုံးအကြိမ် တွေ့ဆုံခဲ့ကြပါတယ်။ ဒီလိုတွေ့ဆုံရာမှာ နိုင်ငံရေးပါတီတွေဘက်က သမာသမတ်ရှိတဲ့ ကော်မရှင်ဖြစ်ဖို့လိုတယ်လို့ တင်ပြတာတွေ၊ ငြိမ်းချမ်းရေးကိစ္စတွေကို ဆွေးနွေးခဲ့ကြသလို ကော်မရှင်ဘက်ကလည်း ပြီးခဲ့တဲ့ ၂၀၁၀ ရွေးကောက်ပွဲ မဲမသမာမှုတွေကို မျှမျှတတ ဆုံးဖြတ်တာတွေ၊ လာမယ့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို ပိုပြီး မျှမျှတတလုပ်ပေးမယ်လို့ တုံ့ပြန်တာတွေရှိပါတယ်။ အကြောင်းစုံကို စုံစမ်းထားတဲ့ ဗွီအိုအေ ထိုင်းအခြေစိုက် သတင်းထောက် ကိုကျော်ထင်က တင်ပြထားပါတယ်။

ဒီကနေ့ နေပြည်တော်မှာ ပြုလုပ်တဲ့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နဲ့ နိုင်ငံရေးပါတီ ကိုယ်စားလှယ်တွေ တွေ့ဆုံရာမှာနိုင်ငံရေးပါတီတွေအတွက် ဆွေးနွေးချိန် ၂ မိနစ်စီပဲ သတ်မှတ်ထားတာကြောင့် ပါတီတွေအဖို့ ကျယ်ကျယ်ပြန့်ပြန့်မဆွေးနွေးနိုင်ခဲ့ကြပါဘူး။

ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ တာဝန်ရှိသူ ဦးသာထွန်းလှက လာမယ့်ကြားဖြတ်ရွေးကောက်ပွဲနဲ့ ၂၀၁၅ ရွေးကောက်ပွဲကို ပိုပြီး တရားမျှတအောင်လုပ်ပေးမယ့်အကြောင်း ကော်မရှင်က တုံ့ပြန်တယ်လို့ ဆိုပါတယ်။

"ဒီမှာက ပါတီတခုကို ပြောခွင့် ၂ မိနစ်ပဲ ပေးတဲ့အတွက်ကြောင့် လွန်ခဲ့တဲ့ ရွေးကောက်ပွဲတုန်းက မဲစာရင်း စနစ်တကျလုပ်ဖို့ကိစ္စရယ်၊ သဘာဝဘေးအန္တရာယ် ကျလာရင် ရွေးကောက်ပွဲလုပ်မယ့် ဒေသတွေမှာ ရွှေ့ဆိုင်းပေးဖို့ကိစ္စတွေကို ကော်မရှင်ကို တင်ပြခဲ့ပါတယ်။ ရွေးကောက်ပွဲကတော့ နောက်လာမယ့်ရွေးကောက်ပွဲတွေမှာ ပိုပြီးမျှမျှတတဖြစ်အောင် ဆောင်ရွက်ပေးမယ်ဆိုပြီး ပြောသွားပါတယ်။ လွှတ်တော်က တင်မြှောက်တဲ့ရွေးကောက်ပွဲကော်မရှင် ဖြစ်တဲ့အတွက်ကြောင့်။"

ဒီကနေ့ ဆွေးနွေးပွဲကို ၂၀၁၀ ရွေးကောက်ပွဲဝင် ၃၇ ပါတီထဲက ၃၆ ပါတီက ကိုယ်စားလှယ်တွေ တက်ရောက်ခဲ့ပါတယ်။ စစ်အစိုးရဟောင်း ဖွဲ့စည်းပေးခဲ့တဲ့ ဗိုလ်ချုပ်ဟောင်းဦးသိန်းစိုး ဦးဆောင်တဲ့ရွေးကောက်ပွဲကော်မရှင်ကို ဒီနှစ်ဆန်းပိုင်းက ကျင်းပခဲ့တဲ့ လွှတ်တော်က ဒုတိယ ဗိုလ်ချုပ်ကြီးဟောင်းဦးတင်အေး ဦးဆောင်တဲ့အဖွဲ့နဲ့အစားထိုးလိုက်တာဖြစ်ပါတယ်။ ဦးသုဝေက ရွေးကောက်ပွဲကော်မရှင်မှာ သမာသမတ် ကြားနေသူတွေပဲ ပါဝင်သင့်တယ်လို့ တင်ပြခဲ့ပါတယ်။

"ဒီမိုကရေစီ ရွေးကောက်ပွဲတွေ ဆိုတာကတော့ရွေးကောက်ပွဲနဲ့ဆိုင်တဲ့ကော်မရှင်တွေ၊ရွေးကောက်ပွဲနဲ့ဆိုင်တဲ့တရားခုံရုံးတို့ဆိုတာတွေကို ဘယ်ဘက်မှ ဘက်မလိုက်သော၊ ကြား သမာသမတ်ကျသောပုဂ္ဂိုလ်များကိုသာ ခန့်လေ့ရှိပါတယ်။ ကျနော်တို့ မြန်မာနိုင်ငံမှာလည်း လာမယ့် ရွေးကောက်ပွဲတွေကို အဲဒီလို ပုဂ္ဂိုလ်မျိုးတွေကို ခန့်ထားပေးပါ။ ဘာလို့ ဒီလိုပြောလဲဆိုရင် ငါတို့လုပ်ချင်တဲ့ကိစ္စကို တို့ပဲဆုံးဖြတ်ခွင့်ပေးရမှာပဲ၊ အဲဒီတော့တို့ရွေးကောက် ပွဲနိုင်အောင် လုပ်ချင်တာတွေလုပ်မယ်ဆိုတဲ့ စိတ်ဓာတ်တွေရှိတတ်ပါတယ်။ အဲဒါကြောင့်မို့ဒါလေးကို သတိထားပြီး ပြင်ပေးပါလို့။"

ဒီကနေ့ တွေ့ဆုံမှုမှာ ပါတီထက်ဝက်လောက်က တင်ပြပြောဆိုမှု မရှိဘူးလို့ သိရပြီး ဒီမိုကရေစီမိတ်ဆွေပါတီများ ၉ ပါတီကတော့ ရွေးကောက်ပွဲ မဲမသမာမှုတွေ၊ ကော်မရှင်အဆင့်ဆင့်ရဲ့ လိုအပ်ချက်တွေကို စာတမ်းတင်ခဲ့ပါတယ်။ တိုင်းရင်းသားပါတီ အများစုကတော့ ငြိမ်းချမ်းရေးကိစ္စကို အဓိကထား တင်ပြတယ်လို့ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ ဥက္ကဋ္ဌနိုင်ငွေသိမ်းက ပြောပါတယ်။

"လွန်ခဲ့တဲ့ ရွေးကောက်ပွဲမှာ တွေ့ကြုံရတဲ့ အတွေ့အကြုံတွေ၊ ကောင်းတာရော၊ မကောင်းတာရောပေါ့၊ ပြီးတဲ့အခါ တိုင်းရင်းသားတွေက အထူးသဖြင့် ငြိမ်းချမ်းရေးနဲ့ပတ်သက်တာတို့ပါတယ်၊ နိဂုံးချုပ်တယ်၊ ဒါပါပဲ။ ရွေးကောက်ပွဲဥပဒေ ပြင်ဆင်တဲ့ကိစ္စ သူက အကျယ်တဝ့်မပြောပါဘူး။ သူကတော့ ကတိပေးတဲ့ သဘောနဲ့ပေါ့ဗျာ။ ရွေးကောက်ပွဲက တရားမျှတဆုံးနဲ့လွတ်လပ်ဆုံး ရွေးကောက်ပွဲတခုဖြစ်လာအောင် ကြိုးစားကြမယ်ပေါ့ ဆိုတာတော့ ပါတယ်။"

သေဆုံးသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ အစိုးရရာထူးယူထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲတွေကို ဘယ်တော့ကျင်းပမယ်ဆိုတာတော့ ကော်မရှင်က ဒီကနေ့တွေ့ဆုံချိန်မှာ ပြောဆိုခြင်းမရှိပါဘူး။ မဲမသမာမှုတွေနဲ့ ပတ်သက်လို့ တိုင်ကြားတဲ့ အမှုတွေကိုလည်း မှန်မှန်ကန်ကန် ဆုံးဖြတ်ပေးခဲ့တယ်လို့ ကော်မရှင်ကတုံ့ပြန်ကြောင်း ဦးသုဝေက ပြောပါတယ်။

"သူတို့ကတော့ တင်ပြချက်တွေ အားလုံးကို၊ သူတို့ ဖြေနိုင်တဲ့ဥစ္စာတွေကို ချက်ချင်းပြန်ဖြေတာပေါ့။အထူးသဖြင့်ပြန်ဖြေတာကတော့ သက်ဆိုင်ရာ ပါတီတွေက ခုနကိစ္စဖြစ်တဲ့ဟာလေးတွေ၊ အဲဒါတွေကို သူတို့က ဘာကြောင့် ဒီလိုအဆုံးအဖြတ်ပေးရပါတယ်ဆိုတာကိုပြန်ရှင်းပြလိုက်တယ်။ အကုန်တော့ မရှင်းဘူး။ သူတို့ကတော့ သူတို့ရတဲ့ တိုင်ကြားချက်တွေ ဘယ်လောက်ခိုင်မာသလဲ၊ အဲဒီ ခိုင်မာမှုပေါ်မူတည်ပြီးတော့ သူတို့ရဲ့ တရားရုံးအဖွဲ့ကလည်း အဲဒီအပေါ်မှာ မှန်မှန်ကန်ကန်ဆုံးဖြတ်ချက် ပေးခဲ့ပါတယ်ဆိုတာ ပြန်ရှင်းပြပါတယ်။"

ပြီးခဲ့တဲ့ ၂၀၁၀ ရွေးကောက်ပွဲကို နိုင်ငံတကာက လေ့လာစောင့်ကြည့်ဖို့ တောင်းဆိုခဲ့ပေမဲ့ စစ်အစိုးရက ခွင့်မပြုခဲ့ပါဘူး။ ဒီရွေးကောက်ပွဲမှာ အာဏာရ ပြည်ခိုင်ဖြိုးပါတီရဲ့ မဲမသမာမှုတွေ၊ ပြည်ခိုင်ဖြိုးပါတီအနိုင်ရအောင် နိုင်ငံတော်ပိုင်ဘဏ္ဍာငွေနဲ့ လုပ်ပိုင်ခွင့်ကိုအသုံးချတာတွေ အများအပြားရှိတယ်လို့လည်း လေ့လာသူတွေကပြောကြပါတယ်။

---

**စာမျက်နှာ ၅ မှ**

Akami ရဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေအပေါ် အခြေခံပြီး ကမ္ဘာတဝန်းနိုင်ငံပေါင်း ၁၉၉ နိုင်ငံက အင်တာနက်ဆက်သွယ်မှုတွေကို စောင့်ကြည့်ရာမှာ အစီရင်ခံစာသမိုင်းတလျှောက် ထူးထူးခြားခြား မြန်မာနိုင်ငံထိပ်ဆုံးရောက်လာတာကို တွေ့ရတဲ့အကြောင်းလည်းအစီ ရင်ခံစာကဖော်ပြပါတယ်။ မြန်မာနိုင်ငံကလာတဲ့ တိုက်ခိုက်မှုတွေဟာ အင်တာနက်ကွန် ရက်ထဲက ဆက်သွယ်ရေး Port ၂၅ ခုလောက်ကိုသာ ပစ်မှတ်ထား ခဲ့တာဖြစ်ပြီး ထူးထူးခြားခြားဆိုသလို ဆက်သွယ်ရေး Port နံပါတ် ၈၀ တခုတည်းကိုပဲ တိုက်ခိုက်မှုဟာ ၄၅% အထိ ရှိခဲ့ကြောင်းလည်း အစီရင်ခံစာက တွေ့ရှိခဲ့တာပါ။

အမေရိကန်ပြည်ထောင်စုနဲ့ ထိုင်ဝမ်တို့ဟာ ပုံမှန်အားဖြင့် စာရင်းထဲမှာ ထိပ်ဆုံးနေရာ ယူတတ်လေ့ ရှိပေမဲ့ အခုအခါမှာတော့ ၁၀% နဲ့ ၉% ကျော်သာ တိုက်ခိုက်မှုတွေ ရှိခဲ့တာကို တွေ့ရတယ်လို့လည်း အစီရင်ခံစာက ဖော်ပြပါတယ်။

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နိုင်ငံရေးသိပ္ပံသင်တန်း အောင်မြင်စွာပြီးဆုံး

**Mizzima ၊ ဂျူလိုင် ၂၈ ။** ။ ရက်သတ္တ တပါတ်ကြာ သင်ကြားပို့ချခဲ့သည့် ပထမဆုံးအကြိမ် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် NLD နိုင်ငံရေး သိပ္ပံသင်တန်းကို ကြာသပတေးနေ့က အောင်မြင်စွာ ပို့ချပြီးစီးခဲ့ကြောင်းသိရသည်။ ဇူလိုင်လ ၂၂ ရက်နေ့မှ ၂၈ ရက်နေ့ထိ ဆက်တိုက် သင် ကြားပို့ချခဲ့သော အဆိုပါသင်တန်းတွင် အနောက်အယှက်တစုံတရာမရှိခဲ့ကြောင်း NLD ပြောခွင့်ရဦးအုန်းကြိုင်ကမဇ္ဈိမကိုပြောသည်။

" ကြိုတင် စီစဉ်ထားတဲ့ အတိုင်း လုံးဝအောင်အောင်မြင်မြင် ပြီးဆုံးပါတယ်။ လုံးဝအနောက်အယှက်မရှိပါဘူး။ " ဟု သူက ပြောသည်။ သင်တန်းဆရာ ၂ ဦးအဖြစ် တောင်ကိုရီးယားနိုင်ငံ Ewha အမျိုးသမီးတက္ကသိုလ်မှ ပါမောက္ခ Dr Brendam Howe နှင့် ပါမောက္ခ Dr Mathias Maas တို့က ပို့ချခဲ့ရာ သင်တန်းသား ၇၀ ကျော် တက်ရောက်ခဲ့ကြသည်။

သင်တန်းပို့ချမှု ပုံစံနှင့် ပတ်သက်၍ ဦးအုန်းကြိုင်က "အလုပ်ရုံ ဆွေးနွေးပွဲပုံစံ ကျင်းပတာဖြစ်တဲ့အတွက် ကျောင်းသူ/သားများ အရမ်း စိတ်ဝင်စားမှုရှိပါတယ်။ ပြဿနာတွေကို ဖြေရှင်းကြပါတယ်။ စာတမ်း တွေပြုစုပါတယ်" ဟု ပြောသည်။

နေ့စဉ် နံက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပို့ချသည့်သင်တန်းတွင် Human Security and Human Development, State Security and State Development and other prospects, Art of Negotiation, Negotiation Process နှင့် Introduction to International Relations ဘာသာရပ်များပါဝင်ပြီး သင်တန်းတာဝန်ခံ ဦးဝင်းထိန်၊ ဒေါက်တာမျိုးအောင်နှင့် ကိုမျိုးရန်နောင်သိန်းတို့က ဘာသာပြန်ဆိုပေးခဲ့ကြသည်။

ကြာသတေးနေ့ ညနေက ပြုလုပ်ခဲ့သည့် သင်တန်းဆင်းပွဲတွင် သင်တန်းဆရာ Dr Mathias Maas က သင်တန်းဆင်း နှုတ်ဆက်စကား ပြောကြားခဲ့ကြောင်း "အချိန်တိုတိုပဲ ပြောခွင့်ရတဲ့အတွက် အားနာတယ်တဲ့၊ ဒါပေမယ့် သူပြောတာတွေဟာ စပြီး လေ့လာစရာ၊ စဉ်းစားစရာတွေ၊ ရှေ့ဆက်ပြီးတော့ ဆောင်ရွက်စရာတွေ လမ်းကြောင်း ပွင့်သွားမယ်လို့ မျှော်လင့်ကြောင်း ပြောသွားပါတယ်" ဟု ဦးအုန်းကြိုင်က မဇ္ဈိမကို ပြန်ပြောပြသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် သဘာပတိအဖြစ် NLD ဒု-ဥက္ကဋ္ဌ ဦးတင်ဦးက ဆောင်ရွက်ပြီး ဦးသန်းထွန်း၊ ဦးလှဖေ၊ ဦးအုန်းကြိုင်၊ ဦးဝင်းမြင့်၊ ဒေါ်မေဝင်းမြင့်စသည့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များလည်း တက်ရောက်ကြသည်။

အင်္ဂါနေ့ကလည်း ဒေါ်အောင်ဆန်းစုကြည်က သင်တန်းဆရာ နှစ်ဦးအား နေ့လည်စာဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး တနာရီကြာ စကား လက်ဆုံ ပြောဆိုဖြစ်ခဲ့သေးသည်။ သင်တန်းသို့ ပြည်နယ်နှင့်တိုင်း အသီးသီးမှ ပါတီဝင်များနှင့် ဗေဒါအင်စတီကျူမှ သင်တန်းသား ၃၃ ယောက်လည်း လာရောက်လေ့လာခဲ့ကြသည်။

ယခင်က မြန်မာတိုင်းရင်းသား ဆရာများ ပါဝင်သည့် နိုင်ငံရေး သိပ္ပံသင်တန်းများ၊ ဆွေးနွေးပွဲများ ကျင်းပရန် စီစဉ်ခဲ့ဖူးသော်လည်း အကြောင်း မညီညွတ်၍ အစီအစဉ် ပျက်ခဲ့ရကြောင်း ဦးအုန်းကြိုင်က ပြောသည်။

ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာပြီးနောက် အထူးသဖြင့် လူငယ်များအားရည်ရွယ်၍ လယ်သမားသင်တန်း၊ ကွန်ပြူတာသင်တန်း၊ အင်္ဂလိပ်စာသင်တန်းများကို NLD မှ စီစဉ်ပြုလုပ်လာခဲ့ရာမှ ပြည်ပတက္ကသိုလ်များမှ ပညာရှင်များအား ဖိတ်ခေါ်၍ ဤကဲ့သို့ နိုင်ငံရေးသိပ္ပံသင်တန်း ပို့ချနိုင်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်ပြီးလည်း နိုင်ငံရေးသိပ္ပံသင်တန်းများ ပြုလုပ်ဦးမည်ဟု သိရှိရသည်။

---

**စာမျက်နှာ ၁၇ မှ**

လူထုကြီး၏ တခဲနက် ခိုင်မာသော စိတ်ဓာတ်နှင့် စစ်သားများ၏ ဆင်ခြင်ဉာဏ်မရှိပဲ အမိန့်ဆိုသည်ကိုသာ နာခံတတ်ရာသော စိတ်ဓာတ်တို့ ယှဉ်မိသော တခဏ။ တင့်ကားများ ရပ်သွားသည်။ လူထုကြီးမှသကြားလုံးနှင့် ဆေးလိပ်များသွားပေးသည်။ အမျိုးသမီးငယ်များမှ ပန်းများသွားကမ်းသည်။

တင့်ကားများ ရှေ့တိုးကြည့်သည်။ လူထုကြီးကား ထိုင်နေသော နေရာတွင်သာမလှုပ်မရှက်။ စစ်တပ်အကြီးအကဲမှ သေနတ်ဖြင့်ပစ်မည် ခြိမ်းခြောက်သည်။ သံဃာတော်များနှင့် သီလရှင်များ ရှေ့သို့တိုးထွက်၍ တင့်ကားများရှေ့တွင် ဒူးထောက်လိုက်ကြသည်။ တရားဓမ္မများရေရွတ်လျက်။ လူထုကြီးကလဲ မလှုပ်မရှက်။ တင့်ကားများ ပြန်ကွေ့ထွက်သွားသည်။ လူထုအားကို သူတို့ အရှုံးပေးလိုက်ရပြီ။

မားကိုးစ်က ညမထွက်ရအမိန့်ထုတ်သည်။ မည်သူမျှမလိုက်နာ။ မည်သူမျှ ဂရုမစိုက်ကြ။ တော်လှန်ရေးသမားအချို့က ရုပ်မြင်သံကြား အသံလွှင့်ရုံကို ဝင်စီးလိုက်နိုင်သည်။ ထောင်သောင်း မကသောသူများ အသံလွှင့်ရုံကိုဝန်းရံပေးထားသည်။ မားကိုးစ်စစ်သားများ ရောက်လာတော့ လူထုကြီးက လက်ဆွဲနှုတ်ဆက်သည်။ မုန့်များဝေသည်။ စစ်တပ်ကြီး ပြန်ဆုတ်ခွာသွားသည်။

အာဏာရှင်မားကိုးစ်၏ဘဝမှာကား သူ့လက်ကိုင်ဒုတ်တံ စစ်တပ်ကိုပင် အာဏာမတည်တော့။ ပြည်သူ့ရင်သွေးစစ်သည်များသည် အမိအဖရင်း ပြည်သူတို့၏နှလုံးသားကို ခံစားနားလည် သွားကြပြီ။ပထွေးမားကိုးစ်၏ မက်လုံးပေး အယုံသွင်းစကားသံများကို မယုံကြည်ကြတော့။ ကိုယ့်မိဘရင်းကို ပြန်သတ်ခိုင်းနေသော အမိန့်အာဏာများကိုမလိုက်နာကြတော့။ နောက်ဆုံးတော့ အနှစ်နှစ်ဆယ်ကျော် သက်တမ်းရှည်ခဲ့သော အာဏာရှင်ကြီးမားကိုးစ်တယောက် တိုင်းပြည်မှ ထွက်ပြေးရတော့သည်၊ လူထုအားကား ကြီးမားပေစွ။

နိုဂုံးချုပ်ဆိုရသော် ဖိလစ်ပိုင်နိုင်ငံ၏အောင်ပွဲရ လူထုတိုက်ပွဲကား လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်ကာလက ဖြစ်ပွားခဲ့ပေသည်။ ယခုအနှစ်နှစ်ဆယ်ကျော်ကာလတွင်လည်း ဤသို့သော လူထုတိုက်ပွဲကို စည်းလုံးညီညွတ်စွာ၊ အောင်မြင်စွာဆင်နွှဲ၍ မြန်မာ့သမိုင်း၏ သမိုင်းစာမျက်နှာသစ်ကို ဖွင့်လှစ်ကြပါစို့။ နောင်အနှစ်နှစ်ဆယ်ကာလတွင် တစုံတဦးက ရေးသားလာသော "မြန်မာအမျိုးသားတို့၏လူထုလှုပ်ရှားမှုအောင်ပွဲ" ဟူသော ဆောင်းပါးတပုဒ်အား "ဩော်- ဖတ်ချင်စမ်းပါဘိ"။

# အစိုးရယာယီအပစ်ရပ်ရေး ကမ်းလှမ်းစာကို တနိုင်လုံးရပ်စဲဖို့ ကေအိုင်အို ပြန်ကြား

**DVB ၊ ဇူလိုင် ၂၅ ။ ။** ကချင်လွတ်လပ်ရေးတပ်မတော်နဲ့ အစိုးရတပ်တွေအကြားအပစ်ရပ်ရေးကြားဝင်ဆောင်ရွက်တဲ့ ကချင်ပြည်နယ်အစိုးရကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီးသန်းအောင်က ယာယီအပစ်အခတ်ရပ်စဲရေး ကမ်းလှမ်းစာကို ၂၂ ရက်နေ့က ကေအိုင်အိုထံ စာပို့လာတဲ့အပေါ် တနိုင်ငံလုံးအတိုင်းအတာအပစ်အခတ်ရပ်စဲရေးကို သွားဖို့ ကေအိုင်အိုက ထပ်မံ အကြောင်းပြန်လိုက်ပါတယ်။

ဒီပြန်စာမှာ ဇူလိုင် ၈ ရက်နေ့က ကေအိုင်အိုကပေးပို့တဲ့စာပါ အချက်သုံးချက်ဖြစ်တဲ့ တနိုင်ငံလုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲမှုဖြစ်ပေါ်လာရေး၊နိုင်ငံရေးနည်းလမ်းအရဖြေရှင်းရေး၊အစိုးရနဲ့ကေအိုင်အိုအကြားအပစ်အခတ်ရပ်စဲရေးလုပ်ရာမှာ တရုတ်အစိုးရကနေ သက်သေအဖြစ် ပါဝင်နိုင်ရေးအချက်တွေကို ထပ်မံတင်ပြလိုက်တာဖြစ်ပါတယ်။

ဗိုလ်မှူးကြီးသန်းအောင် စာပါအချက်ကို ကေအိုင်အို ပြောခွင့်ရ ဦးလနန်းက ခုလိုပြောပါတယ်။

"ကျနော်တို့ တောင်းဆိုချက်မှာတော့ ခန့်မှန်းကြည့်တာတော့ ကချင်ပြည်နယ်မှာ ဖြစ်နေတဲ့တိုက်ပွဲတွေကို အရင်ရပ်မယ်ဆိုတဲ့ သဘောပါတယ်။ အဲဒီရပ်ပြီးမှ ကချင်ပြည်နယ်ရဲ့ အတွေ့အကြုံကိုအခြေခံပြီးတော့ အခြားဒေသတွေကိုလည်း နမူနာယူပြီးတော့ ဒေသတည်ငြိမ်ရေးကို ဆက်လက်ဖော်ဆောင်သွားနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်ရှိတယ်။ သူတို့ အဲဒီလိုရည်ရွယ်ချက်ရှိခြင်းအားဖြင့် ဒါဟာ တနိုင်ငံလုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်ဆိုင်းရေးလုပ်ချင်တဲ့ဆန္ဒ အပြည့်အဝတော့မရှိဘူးလို့ယူဆတယ်။

အမှန်တကယ်တော့ တတိုင်းပြည်လုံးအနေနဲ့ အပစ်အခတ်ရပ်ဆိုင်းခြင်းလုပ်ဖို့က ပထမဆုံးအရေးကြီးတဲ့ခြေလှမ်းပဲ။ ဒီတိုင်းရင်းသားကိစ္စနဲ့ပတ်သက်လို့ပေါ့။ နောက်ပြီးတော့ ဒီနိုင်ငံရေးဆွေးနွေးတဲ့အခါမှာလည်း တဖွဲ့ချင်းစီနဲ့ နိုင်ငံရေးဆွေးနွေးခြင်း မဟုတ်ဘဲနဲ့ ကျနော်တို့လိုချင်တာကတော့ တိုင်းရင်းသားအားလုံးကိုကိုယ်စားပြုနိုင်တဲ့အဖွဲ့ အစည်းတခုကနေကိုယ်စားပြုပြီးတော့ အစိုးရနဲ့နိုင်ငံရေးဆွေး နွေးပွဲကို ရောက်စေချင်တာပါ။ဒါကျနော်တို့ ကေအိုင်အိုရဲ့လိုလားချက်တွေပါပဲ။"

ကေအိုင်အိုအဖွဲ့အနေနဲ့ တိုင်းပြည်တည်ငြိမ်ရေးအတွက် တနိုင်ငံလုံးအပစ်ရပ်ရေးကိုလိုလားတာလို့လည်း ဦးလနန်းကပြောပါတယ်။

"နိုင်ငံအတွင်းမှာ တိုက်ပွဲတွေရှိနေသမျှကာလပတ်လုံး ဘယ်လို မှသူတို့ပြောတဲ့ တည်ငြိမ်အေးချမ်းရေးကမဖြစ်နိုင်ပါဘူး။ တည်ငြိမ်ရေးရရုံနဲ့ ငြိမ်းချမ်းရေးဆိုတာ ပေါ်မလာဘူး။ ဒါကြောင့်မို့ ငြိမ်းချမ်းရေးရဖို့အတွက် တည်ငြိမ်ရေးက ပထမအဆင့်လုပ်ရမှာပေါ့။ အဲဒီတည် ငြိမ်ရေးရဖို့က နယ်စပ်ဒေသမှာဖြစ်နေတဲ့ တိုက်ပွဲတွေကို ကြီးသည် ဖြစ်စေ ငယ်သည်ဖြစ်စေ အားလုံးက အပစ်အခတ်ရပ်စဲရေးတော့ လုပ်ကြရမယ်။ အဲဒီရပ်ဆိုင်းရေးလုပ်ပြီးမှ တွေ့ဆုံဆွေးနွေးရေးကိုရနိုင်မှာပါ။"

ကေအိုင်အိုဘက်ကတင်ပြချက်ကို အစိုးရဘက်က လိုက်လျောမယ်ဆိုရင် ကချင်ပြည်နယ်အစိုးရရဲ့ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီးသန်းအောင်ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့နဲ့ ကေအိုင်အို ကိုယ်စားလှယ်တွေ ထပ်မံတွေ့ဆုံပွဲဖြစ်လာလိမ့်မယ်လို့ ဦးလနန်းက ပြောပါတယ်။

အစိုးရက ကချင် ရှမ်းနဲ့ ကရင်ပြည်နယ်တွေထဲမှာ တိုက်ပွဲတွေ ဖြစ်နေရာမှာ တရုတ်နိုင်ငံက ကုမ္ပဏီတွေ အများအပြား ရင်းနှီးမြှုပ်နှံထားတဲ့ ကချင်နယ်မြေထဲက ကေအိုင်အိုတဖွဲ့တည်းကို ယာယီအပစ်ရပ်ဖို့အကြိမ်ကြိမ် ဆက်သွယ်ပြောဆိုနေတာဖြစ်ပါတယ်။

ကေအိုင်အိုနဲ့အစိုးရအကြား ဖွန်လဆန်းပိုင်းမှာ အပစ်ရပ်ရေးသဘောတူတာပျက်ပြီး ခုထက်ထိ နေ့စဉ်တိုက်ပွဲတွေဖြစ်နေတာပါ။စစ်ပြေး ဒုက္ခသည်တွေ ရွာပုန်း ရွာရှောင်တွေ စုစုပေါင်း နှစ်သောင်းလောက်ရှိနေတာဖြစ်ပြီး နိုင်ငံတကာအစိုးရမဟုတ်တဲ့ အဖွဲ့တွေ ဝင်ရောက်ကူညီခြင်းမရှိသေးပါဘူး။


Voice of Burma

**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: sayarkway@yahoo.com**
**koko@gol.com**



၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်